မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၀)

အိုးတန်ဆန်ခတ်ပြောနည်း

(စကားကြီး ၁၀မျိုးမှ)

အိုးနှင့်ဆန်သည် တန်အောင်ချက်လျှင် နူးညံ့စွာသုံးဆောင်ရသကဲ့သို့ စကားအရာတွင်လည်း လိုရင်းရောက်အောင် မယုတ်မလွန် ပြောဆိုခြင်းဖြင့် လိုရာဆန္ဒကိစ္စပြီးမြောက်ရသည်။ ဤသို့ပြောဆိုခြင်းကို **"အိုးတန်ဆန်ခတ်ပြောနည်း"** ဟုဆိုပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ ●

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး ချမှတ်ပေးထားသော စီမံကိန်းရည်မှန်းချက်များ ပြည့်မီရေး အလေးထားဆောင်ရွက် ရပ်ရွာဒေသများ ဖွံ့ဖြိုးတိုးတက်သာယာမှုရှိအောင် တီထွင်ကြံဆ လုံ့လဝီရိယစိုက်ထုတ်လုပ်ကိုင် ခရိုင်ချင်းဆက်လမ်းများ အရည်အသွေးမီ အချိန်မီပြီးစီးရေး စေတနာထားကြိုးပမ်း

နေပြည်တော် အောက်တိုဘာ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီခွဲတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ ဖြစ်ကြသော

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (အောက်တိုဘာ ၁၀ ရက်) ၌ မိုးတစ်ကြိမ် နှစ်ကြိမ်ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အမြန်ပေါ်ထွန်းလာစေမည့် အမျိုးသားညီလာခံ

နိုင်ငံတစ်နိုင်ငံတွင် မည်သည့်စနစ်ကိုကျင့်သုံးသည်ဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံရမည် ဖြစ်သည်။ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရှိရန် မဖြစ်မနေလိုအပ်သည်။

မြန်မာနိုင်ငံတွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းလာရေးအတွက် ခိုင်မာသည့် အခြေခံဥပဒေရေးဆွဲနိုင်ရန် အခြေခံရမည့်မူများကို အမျိုးသားညီလာခံကြီးက ချမှတ်ပေးသွားမည်ဖြစ်သည်။

အမျိုးသားညီလာခံကို တောင်သူလယ်သမားများ စိုက်ပျိုးရာသီချိန်လုပ်ငန်းများ လုပ်ကိုင်နေစဉ် ခေတ္တရပ်နားထားခဲ့ရာမှ ၂၀၀၆ခုနှစ် အောက်တိုဘာလ ၁၀ရက် (**ယနေ့**)တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ပြန်လည်စတင်ကျင်းပနေပြီဖြစ်သည်။

ယခုကျင်းပသည့် အမျိုးသားညီလာခံတွင် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ၅ရက်မှ ၂၀၀၆ ခုနှစ် ဇန်နဝါရီ၃၁ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ကိုယ်စားလှယ် အစုအဖွဲ့အသီးသီးနှင့် ညီလာခံကိုယ်စားလှယ်အချို့တို့ တင်ပြထားသော အကြံပြုစာတမ်းများအပေါ် အလှည့်ကျ သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို တင်ပြမည်ဖြစ်သည်။

ထို့အပြင် ပြီးခဲ့သည့်အမျိုးသားညီလာခံ၌ ဆွေးနွေးခဲ့သည့် လွှတ်တော်အသီးသီး၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးကိစ္စများကိုလည်း ဆွေးနွေးဆုံးဖြတ်ကြမည် ဖြစ်သည်။

ထို့အပြင် ကျန်ရှိသောအခန်းအချို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီက ရှင်းလင်းတင်ပြမည် ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်၌ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ဒေသ ဖွံ့ဖြိုး တိုးတက်ရေး၊ စီးပွားရေးအခြေခံများ ဖြစ်ထွန်းရေး၊ လူနေမှု အဆင့်အတန်း မြင့်မားလာရေး စသည့် ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်များကို ခိုင်ခိုင်မာမာ တည်ဆောက်လျက် ရှိသည်။

ယခု ပြန်လည်ကျင်းပသည့် အမျိုးသားညီလာခံကြီးတွင် ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့က ပူးပေါင်းလက်တွဲ ကြိုးပမ်းအားထုတ်ကြခြင်းဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အမြန်ပေါ်ထွန်းလာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမဝါယမအသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ရေးဆွေးနွေး ရလဒ်ကောင်းများနှင့်အတူ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၉

သမဝါယမဝန်ကြီးဌာန သမဝါယမအသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း SME များဖွံ့ဖြိုး တိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဘဏ်များအသင်း ဇမ္ဗူရစ်ရွှေစင် ခန်းမ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ သမဝါယမဦးစီးဌာန၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ကြမည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပါဝင်ဆောင်ရွက်

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်တင်ထွတ် **(အပေါ်ပုံ)**က အမှာစကား ပြောကြားရာတွင်သမဝါယမအသင်းများ၏ စီးပွားရေး လုပ်ငန်းများသည် အသေးစား၊ အလတ်စားတွင် ပါဝင်သော နိုင်ငံတော်စီးပွားရေး လုပ်ငန်းများသာ ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်သော ခေတ်မီ နိုင်ငံတော်ကြီးဖြစ်အောင် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြသည့် ကာလဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သမဝါယမ၏ မျှော်မှန်းချက်တွင်လည်း နိုင်ငံတော်၏ အမျိုးသားလူမှုရေး၊ စီးပွားရေး တည်ဆောက်မှုလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ညီညွတ်မျှတသည့် လူမှုရေး တည်ဆောက်မှု သမဝါယမရုပ်ပုံလွှာကို ထိန်းသိမ်းကာကွယ်ရင်း ဖွံ့ဖြိုးတိုးတက်စေရန်ဟု ပြဋ္ဌာန်းထားကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲ၏ ရလဒ်ကောင်းများနှင့်အတူ နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ ဥက္ကဋ္ဌ ဦးခင်မောင်အေးက ကြိုဆိုမိတ်ဆက်စကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲသို့ သမဝါယမဦးစီးဌာနနှင့် အသင်းများမှ ကိုယ်စားလှယ် ၅၅ဦး၊ လေ့လာသူ ၁၂ဦး စုစုပေါင်း ၆၇ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၀-၁၀-၂၀၀၆
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၂၀ ၃။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၄။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၅ ၇။ ပညာခေတ်
၅း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၆၄)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟေဝန်က သိုင်းလုလင်"** (ဒုတိယတွဲ) (အပိုင်း-၃၀)

ဇာတ်သိမ်းပိုင်း

မင်္ဂလာဗျူဟာ သာမဏေကျော် စာတော်ပြန်ပွဲ

ရန်ကုန် အောက်တိုဘာ ၉

(၁၉)ကြိမ်မြောက် မင်္ဂလာဗျူဟာ သာမဏေကျော် စာတော်ပြန်ပွဲကို ရန်ကုန်မြို့ ရှင်သာမဏေမွေ့ဗိမာန်၌ ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၂၃ရက်၊ ၂၄ရက်နှင့် ၂၅ရက်များတွင် နံနက်၁၁နာရီခွဲမှစ၍ ပထမဆင့်သာမဏေများ နှုတ်လျှောက်စာမေးပွဲဖြေဆိုရန်နှင့် ပထမဆင့်သီလရှင်များသည် နိုဝင်ဘာ ၂၅ရက် ညနေ ၃ နာရီ၌ နှုတ်လျှောက်ဖြေဆိုရမည်ဖြစ်သည်။

ရေးဖြေစာမေးပွဲကို နိုဝင်ဘာ ၂၉ရက်၊ ၃၀ရက်နှင့် ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ ပထမဆင့်အတွက် နံနက် ၈ နာရီမှစ၍ ၁၁ နာရီအထိ၊ ဒုတိယဆင့်၊ တတိယဆင့်အတွက် မွန်းလွဲ၁၂နာရီခွဲမှ ညနေ ၃နာရီခွဲအထိ ဖြေဆိုရမည်ဖြစ်သည်။ ရေးဖြေနေ့များတွင် နံနက် ၉နာရီမှစ၍ ဆွမ်းကပ်လှူမည်ဖြစ်ရာ စာဖြေသံဃာများ ကြွရောက်တော်မူကြရန် ပင့်လျှောက်ထားသည်။ **(က-ပ)**

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဖိုးစိန်လမ်း အမှတ် ၃၅ နေ ဒေါ်လှဝင်းခိုင်၏ မွေးနေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ချမ်းမြေ့ရိပ်သာဆရာတော်
သတိပဋ္ဌာန် ဝိပဿနာ ၁၀ရက် တရားစခန်း

ရန်ကုန် အောက်တိုဘာ ၉

ကျေးဇူးတော်ရှင် ချမ်းမြေ့ရိပ်သာဆရာတော်ကြီး၏ သတိပဋ္ဌာန် ဝိပဿနာ ၁၀ရက် တရားစခန်းကို ရွှေပြည်သာမြို့နယ် သာဓုကန်ကျေးရွာ သာဓုကန် စာသင်တိုက်တွင် အောက်တိုဘာ၁၈ရက် (ဗုဒ္ဓဟူးနေ့)မှ အောက်တိုဘာ ၂၈ရက်(စနေနေ့)အထိ ကျင်းပမည်ဖြစ်သဖြင့် တရားစခန်းသို့ ဝင်ရောက် တရားအားထုတ်လိုသူများသည် သာဓုကန်စာသင်တိုက် ဖုန်း-၆၁၀၈၀၃၊ ဂစ်တာကမ္ဘာ ဖုန်း-၂၄၂၅၀၆၊ မေတ္တာမွန်ဆေးခန်း(ရွှေပြည်သာ) ဖုန်း-၆၁၀၂၆၈ နှင့် ဦးဖိုးပါ-ဒေါ်အုန်းကြည်(ရွှေပြည်သာ)ဖုန်း-၆၁၀၂၃၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

✱ *ကျောဖုံးမှ*

တက်ရောက်

ယင်းသို့တွေ့ဆုံရာသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံသို့ တက်ရောက်ကြမည့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများမှ အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး) အဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) (ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့်သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး(MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ) နှင့် မွန်နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေတို့က တိုင်းရင်းသားအဖွဲ့အစည်းများမှ အမျိုးသားညီလာခံကိုယ်စားလှယ်များအား နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာ၌ ယခုကဲ့သို့ အမျိုးသားညီလာခံ၌ အစဉ်တစိုက် တက်ရောက်ညှိနှိုင်း ဆွေးနွေးအကြံပေးလျက်ရှိကြသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသော ညီနောင်တိုင်းရင်းသား အဖွဲ့အစည်းများမှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ကျန်းကျန်းမာမာ၊ ပျော်ပျော်ရွှင်ရွှင်၊ စုံစုံညီညီ ပြန်လည်တွေ့ဆုံရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အနက် မိမိတို့အမျိုးသားညီလာခံကြီးက ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အခြားသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များနှင့်အတူ ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ကြသော တိုင်းရင်းသားအဖွဲ့အစည်းများမှ အမျိုးသားညီလာခံကိုယ်စားလှယ်များက တက်ညီလက်ညီ ကြိုးစားအားထုတ် လုပ်ကိုင်လျက်ရှိကြခြင်းအတွက် နိုင်ငံတော်အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားပြီး အမျိုးသားညီလာခံက ဆက်လက်ဆောင်ရွက်သွားရန်ရှိသည့်လုပ်ငန်းများနှင့် အမျိုးသား ညီလာခံကိုယ်စားလှယ်များအနေဖြင့် သိသင့်သိထိုက်သည့်အချက်များနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားကာ တွေ့ဆုံပွဲကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

၃။ ထို့ကြောင့် ဤဆုံးဖြတ်ချက်သည် အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကိုအသုံးချကာ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်ခြင်းဖြစ်သကဲ့သို့ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ပါ အပိုဒ်(၂၄)ကိုလည်း မျက်ကွယ်ပြုရာ ရောက်ခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ ရရှိထားပြီးသော တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်နေမှုတို့ကို ယိုယွင်းပျက်စီးစေမည့် အစီအစဉ်ရှိရှိ ကြံရွယ်လုပ်ဆောင်နေခြင်းအပေါ် မိမိတို့အဖွဲ့အနေဖြင့် လက်မခံကြောင်းနှင့် မြန်မာနိုင်ငံ၏ အခြေအနေသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေသည်ဟူသော စွပ်စွဲချက်ကို လက်ခံနိုင်ခြင်း မရှိပါကြောင်း ရှုတ်ချကန့်ကွက်ကြေညာအပ်ပါသည်။

ဦးစောသမူဟဲ
တပ်ဖွဲ့မှူး
လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သောတပ်ဖွဲ့
ဟောင်သရောအထူးဒေသ၊ ကရင်ပြည်နယ်။

သည်အောင်မြေ ညောင်နှစ်ပင်စခန်း

သည်အောင်မြေ ညောင်နှစ်ပင်စခန်းမှာလ၊
စာတမ်းတွေ ညှိကာနှိုင်းလို့၊
ဝိုင်းဝန်းလို့ ပြုစုနေ။
ညီအစ်ကို တိုင်းရင်းသားတွေနဲ့၊
ရိုင်းပင်းထား ဆွေးနွေးနေ၊
ဒို့တစ်တွေ ဒို့အတွေးနဲ့၊
စည်းဝေးလို့ ညီညွတ်ပေ။
ဘယ်သူတွေ ဘယ်လိုပြောပေမယ့်
ဒို့သဘောက အမှန်ပေ၊
ကြားလူတွေ ဖယ်ရှား။
ဝေဖန်သူ နောင်တွင်ဝေးမှာမို့၊
အခြေခံမူ အောင်မြင်ရေးကိုလ၊
(ညီလာခံကိုယ်စားလှယ်တို့ရေ) ရှေးရှုစို့လား။ ။

တက္ကသိုလ်တင်ခ

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်း

ရန်ကုန် အောက်တိုဘာ ၉

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တသောဘဏ (ဒီဃနိကာယ ကောဝိဒ သာသနဓဇ သိရီပဝရဓမ္မာစရိယ) သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ အောက်တိုဘာ ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည် ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈ သို့ဖြစ်စေ အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**



အမောဃကာလ နိဗ္ဗာနမဂ္ဂပဋ္ဌိပတ္တိကျမ်း ဓမ္မဒါနလှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၉

ဘဒ္ဒန္တရေဝတ ရေးသားတော်မူပြီး လွန်ခဲ့သည့် ၂၄နှစ်ခန့်က သာသနာရေးဦးစီးဌာနက ပုံနှိပ်ဖြန့်ချိခဲ့ဖူးသော အမောဃကာလနိဗ္ဗာနမဂ္ဂပဋိပတ္တိကျမ်းကို စေတနာရှင်မိသားစုနှစ်စုက ဓမ္မဒါနအဖြစ်ပုံနှိပ်၍ စာတိုက်မှ ပေးပို့လှူဒါန်းမည်ဖြစ်ရာ တံဆိပ်ခေါင်းဖိုး ကျပ် ၂၀ ထည့်၍ ဦးတင်စိုး တိုက် ၁ အခန်း ၄၀၈ ဆင်မင်းအိမ်ရာ အလုံမြို့နယ် ရန်ကုန်မြို့သို့ မှာကြားနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က-ပ)**

အထက(၃)သဃ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အထက(၃) ၁၉၆၉-၁၉၈၁ ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ အသက် ၆၀ အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ယင်းကျောင်း မြသီလာခန်းမ၌ ကျင်းပသွားမည်ဖြစ်ရာ တပည့်ဟောင်းများအားလုံး မပျက်မကွက် တက်ရောက်နိုင်ကြစေရန် ပူဇော်ပွဲကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။

အာစရိယပူဇော်ပွဲသို့ ဆက်သွယ်လှူဒါန်းလိုပါက ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဋ္ဌေး ဖုန်း-၅၇၀၄၃၆၊ ဦးသန်းထွန်း ဒုတိယဥက္ကဋ္ဌ(၁) ဖုန်း-၅၇၂၀၀၂၊ ဦးမြင့်ခိုင် အတွင်းရေးမှူး ဖုန်း-၀၉-၅၁၅၆၁၄၄၊ ဦးမြင့်အောင် အတွင်းရေးမှူး(၁) ဖုန်း-၅၇၀၅၇၇၊ ဦးတင်လှ ဘဏ္ဍာရေးမှူး(၂) ဖုန်း-၆၄၂၃၂၆၊ ဦးဖုန်းမြင့် ဘဏ္ဍာရေးမှူး(၃) ဖုန်း-၅၆၆၈၀၈၊ ၅၆၀၉၇၈ တို့သို့ ဆက်သွယ် စာရင်းပေးလှူဒါန်းနိုင်ပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ အထက(၃) သဃ်န်းကျွန်းသို့လည်း လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၅၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၁၀-၂၀၀၆ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	မွန်မြတ်လှတဲ့ အလှူကုသိုလ်ယူ
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	Sunday Talk
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	ပြည်တွင်းသတင်းအကျဉ်း
၈:၄၀	ရွှေအဆင်းရုပ်ပုံလွှာ ရှင်းကျော့ဆံနွယ်များဖြင့်သာ
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	နိုင်ငံတကာအနုပညာရေးရာ
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၀	သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းစခန်းများ (အပိုင်း-၁)
၉:၅၀	တေးဂီတအစီအစဉ်
၁၀:၀၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၀:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀	Management Talk (ဦးကျော်ကျော်လှိုင်) (အပိုင်း-၁)
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅	ဂါသနာရှင်စင်မြင့် (ခန့်စည်သူ၊ ကော်နီ)
၁၁:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅	မောင်မြန်မာ လျှပ်စစ်စက်ဘီး (ရီဝေယံ၊ ပုလဲဝင်း)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ထိုင်းအစိုးရအဖွဲ့ဝင်ဝန်ကြီးများ စာရင်း ထိုင်းဘုရင် အတည်ပြုပြီးနောက် ထုတ်ပြန်ကြေညာ

ဗန်ကောက် အောက်တိုဘာ ၉

ထိုင်းကြားဖြတ်အစိုးရဝန်ကြီးချုပ် စူရာယုဒ်ချူလာနွန် တင်သွင်းသည့် အစိုးရအဖွဲ့ဝင်များစာရင်းကို ထိုင်းဘုရင်၏ အတည်ပြုချက်ရယူပြီးနောက် တနင်္ဂနွေနေ့ညက ထုတ်ပြန်ကြေညာလိုက်သည်။

အောက်တိုဘာ ၁ ရက်က ထိုင်းနိုင်ငံ၏ ၂၄ဦးမြောက် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံလိုက်သည့် ဝန်ကြီးချုပ် စူရာယုဒ်ချူလာနွန်၏ အစိုးရအဖွဲ့တွင် ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ပရီဒီယာသွန်ဒေဝါကုလ၊ ဒုတိယဝန်ကြီးချုပ်နှင့် စက်မှုလက်မှုဝန်ကြီးအဖြစ် ကိုဆစ်ပန်ပီယင်ရတ်၊ ကာကွယ်ရေးဝန်ကြီးအဖြစ် ဘွန်ရောဆွမ်တပ်၊ နိုင်ငံခြားရေးဝန်ကြီးအဖြစ် နစ်ပီဘွန်ဆွန်ခရမ်၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးနည်းပညာဝန်ကြီးအဖြစ် ဆစ်သီချိုင်းပိုကိုင်းဥဒွန် အပါအဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပါဝင်သည်။

ဝန်ကြီးချုပ် စူရာယုဒ်ချူလာနွန် ဦးဆောင်သည့် ထိုင်းအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ခုရေးဆွဲမပြီးမီ အချိန်အတောအတွင်း တစ်နှစ်ကာလခန့် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗြိတိန်နိုင်ငံသားနှစ်ဦး တောင်အာဖရိကတွင် မူးယစ်ဆေးဝါးမှုဖြင့် အဖမ်းခံရ

ဂျိုဟန်နစ္စဘတ် အောက်တိုဘာ ၉

ဗြိတိန်နိုင်ငံသားနှစ်ဦးသည် အမေရိကန်ဒေါ်လာခြောက်သန်းခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးမှောင်ခိုမှုဖြင့် ဖမ်းဆီးခံရပြီးနောက် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့ တောင်ဘက် ကီလိုမီတာ ၆၀၀အကွာ ဒါဘန်မြို့တရားရုံး၌ အောက်တိုဘာ ၆ရက်က အယူခံဝင်ခဲ့သည်။

ဖမ်းဆီး

၎င်းဗြိတိန်သားနှစ်ဦးမှာ အသက် ၅၆နှစ်ရှိ စီဂျွန်တူရွန်နှင့် ၃၅နှစ်ရှိ တော်မီမက်ကင်နွန်တို့ဖြစ်ကြပြီး ယင်းတို့အား ကုန်သေတ္တာတစ်လုံးအတွင်း ကိုကင်း ၁၆၉ကီလို ထည့်ယူသယ်ဆောင်လာမှုဖြင့် ရဲတပ်ဖွဲ့က အောက်တိုဘာ ၁ရက်တွင် ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။

ယင်းကိုကင်းများကို ဒါဘန်မြို့မြောက်ဘက် တွန်ဂါအက်ရှိ ကုန်လှောင်ရုံတစ်ခုအတွင်းရှိ ကုန်သေတ္တာတစ်လုံးကို ရဲတပ်ဖွဲ့က စစ်ဆေးစဉ် တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်းရှိ ရေနံချက်စက်ရုံတစ်ရုံကို အောက်တိုဘာ၇ရက်က တွေ့ရစဉ်။
(ယင်းရေနံချက်စက်ရုံမှ တစ်နေ့လျှင် ရေနံစည်၁၀၀၀၀ ချက်လုပ်နိုင်ကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

ယူဂန္ဓာ၌ ငှက်ပျောသီးဖျက်ပိုးများကျရောက် ထိန်းချုပ်နိုင်မှုမရှိလျှင် ဒေါ်လာလေးဘီလီယံအထိဆုံးရှုံးနိုင်ဟုဆို

ကမ်ပါလာ အောက်တိုဘာ ၉

ယူဂန္ဓာနိုင်ငံတွင် ငှက်ပျောပိုးများကျရောက်မှုကြောင့် ငှက်ပျောပင်များ ညှိုးနွမ်း သေကျေလျက်ရှိရာ ငှက်ပျောဖျက်ပိုးများ ပျံ့နှံ့လာခြင်းကို ကာကွယ်ပေးနိုင်ခြင်းမရှိလျှင် ၂၀၁၀ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ လေးဘီလီယံခန့် ဆုံးရှုံးနိုင်ကြောင်း ကျွမ်းကျင်သူများက သတိပေး ပြောကြားလိုက်သည်။

ဆုံးရှုံးနိုင်

ယူဂန္ဓာနိုင်ငံအနေဖြင့် ငှက်ပျောသီးပိုးများ ကျရောက်ခြင်းကို ကာကွယ်နှိမ်နင်းနိုင်ခြင်းမရှိလျှင် ၂၀၁၀ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာလေးဘီလီယံ ဆုံးရှုံးမှုဖြစ်နိုင်ကြောင်း ငှက်ပျောသီးနှံစီမံကိန်းမန်နေဂျာ စတယ်လာဆန်ဂန်ဒိုက ပြောကြားသည်။

ပိုးကျရောက်

ယူဂန္ဓာနိုင်ငံ၌ အဆိုပါငှက်ပျောသီးပိုးများ ခရိုင် ၃၃ခရိုင်၌ ကျရောက်နေရာ အများစုမှာ အမ်ဘာရာရာ၊ ဘူရှန်ရီ၊ အင်တန်ဂါမိုနှင့် ဆိုရိုတီဒေသများဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

စုပေါင်းလက်ထပ်

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ စုံတွဲပေါင်း ၂၀၀၀တို့ စုပေါင်းလက်ထပ်မင်္ဂလာထိမ်းမြားပွဲကျင်းပနေသည်ကို အောက်တိုဘာ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

နီပေါအနောက်ပိုင်း၌ ဗုံးပေါက်ကွဲ

ခတ္တမန္ဒူ အောက်တိုဘာ ၉

နီပေါနိုင်ငံအနောက်ပိုင်း ကိုင်လာလီခရိုင်ဘာဆောတီကျေးရွာ၌ အောက်တိုဘာ၇ရက်က ဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် ကလေးငယ်သုံးဦး သေဆုံးခဲ့ရကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

အဆိုပါ ကျေးရွာသည် ခတ္တမန္ဒူမြို့မှ မိုင်၇၀၀ခန့်အကွာတွင်ရှိပြီး ကလေးငယ်များဆော့ကစားနေစဉ်ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲမှုကြောင့် အခြားလူငါးဦးလည်းဒဏ်ရာရရှိခဲ့သည်။

ဗုံးပေါက်ကွဲမှုမှာမည်သည့်အတွက်ဖြစ်သည်ကို ရှင်းလင်းစွာ မသိရသေးကြောင်း၊ ရဲတပ်ဖွဲ့က စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အမေရိကန်၌ လေယာဉ်ငယ်တစ်စင်းပျက်ကျ သုံးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

ဝါရှင်တန် အောက်တိုဘာ ၉

အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်း ဂျော်ဂျီယာပြည်နယ်တွင် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လူသုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းမီဒီယာများကဖော်ပြသည်။

ပျက်ကျ

အဆိုပါ လေယာဉ်ငယ်သည် လူလေးဦးကို တင်ဆောင်ကာ ဘာရီဟီးလ်လေဆိပ်မှပျံတက်ပြီး မကြာမီ လေဆိပ်အနီး နေအိမ်များပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း လေဆိပ်အာဏာပိုင်များက ပြောကြားသည်။

စက်ချို့ယွင်း

ပျက်ကျခဲ့သော လေယာဉ်ငယ်မှာ စီနာဆာဟု အမည်ပေးထားသည့် အင်ဂျင်တစ်လုံးတပ် လေယာဉ်ဖြစ်သည်။ ထိုလေယာဉ်မှာ လေဆိပ်မှ ပျံတက်ပြီးနောက် ရုတ်တရက်စက်ချို့ယွင်းမှုဖြစ်ပေါ်ကာ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း မြို့ပြလေကြောင်း အုပ်ချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ရှေးဟောင်း အဆောက်အအုံ

ဂရိနိုင်ငံ အေသင်မြို့ အက်ခရိုပို လစ်တောင်ပေါ်ရှိ ရှေးဟောင်းပါသီနွန် အဆောက်အအုံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်လျက်ရှိသည်ကို အောက်တိုဘာ ၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြန်ပေးဆွဲခံရသူ၏ ရုပ်အလောင်း ဘဂ္ဂဒက်မြို့တော်၌တွေ့ရှိ

ဘဂ္ဂဒက် အောက်တိုဘာ ၉

ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်းခရိုင်တွင် ကင်းလှည့်သည့် ရဲတပ်ဖွဲ့ဝင်များက ကာ့ဒ်လူမျိုး အမတ်တစ်ဦး၏ အလောင်းကို တွေ့ရှိကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက အောက်တိုဘာ၆ရက်တွင် ပြောဆိုသည်။

တွေ့ရှိ

ကင်းလှည့်သည့် ရဲတပ်ဖွဲ့ဝင်များသည် ကြာသပတေးနေ့က အလောင်းနှစ်လောင်းကိုတွေ့ရှိသည်။ တစ်လောင်းမှာ ဂျမက်အစ္စလာမီးယားအုပ်စုမှ အမတ် ဖြစ်သူ မိုဟာမက်ရီဒါ၏ အလောင်းဖြစ်သည်။ ပါလီမန်တွင် ကာ့ဒ်အုပ်စုများမှ အမတ် ၅၃ ဦးပါဝင်ရာတွင် ဂျမက်အစ္စလာမီးယား အုပ်စုမှ အမတ်လေးဦးပါဝင်ကြောင်း ဖြင့် အမည်မဖော်လိုသည့် ရဲတပ်ဖွဲ့ဝင်က ပြောကြားသည်။

အဓမ္မခေါ်ဆောင်

ကြာသပတေးနေ့ အစောပိုင်းကပင် မိုဟာမက်ရီဒါနှင့် ၎င်း၏ယာဉ်မောင်းတို့ကို ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်းခရိုင်တွင် ပြန်ပေးသမားများက အဓမ္မခေါ်ဆောင်သွားသည်။

တွေ့ရ

ပြန်ပေးဆွဲပြီး နာရီပိုင်းအတွင်းမှာပင် ဆွန်နီရပ်ကွက်၌ ၎င်းတို့နှစ်ဦး၏ အလောင်းများကို ကျည်ဆန်ရာများဖြင့် တွေ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ

● **ရှေ့ဖုံးမှ**

အိုးတန်ဆန်ခတ်ပြောနည်းကို သာဓကထင်ရှားအောင် ပြဆိုရပါမူ တစ်ခါက ဗာရာဏသီပြည့်ရှင်မင်းသည် မုဆိုးအသွင်ဖြင့် တောလည်ရာတွင် မျက်မမြင်မိဘနှစ်ပါးအား လုပ်ကျွေးနေသော ဘုရားလောင်း သုဝဏ္ဏသာမ မင်းသားကို သားသမင်ထင်မှတ်၍ မြားဖြင့်ပစ်ခတ်မိရာတွင် သုဝဏ္ဏသာမ မြားဆိပ်သင့်၍ သေငယ်ဇောဖြင့် မေ့မြောနေခဲ့ပါသည်။ ထိုအခြင်းအရာကိုသိရှိသော သိကြားမင်းသည် သုဝဏ္ဏသာမ၏ မိဘနှစ်ပါးအား **"အသင်တို့ မပူကြလင့်၊ အသင်တို့သား အသက် အရှင်လိုမူ၊ အသင်တို့၏ မျက်စိမြင်လိုမူ၊ ရွှေအသပြာများထည့်ထားသော ရွှေအိုးရလိုမူ ဤသုံးဆုတွင် သင်တို့လိုရာ တောင်းနိုင်ပါသည်"**ဟု သိကြားမင်းက ပြောကြားသောအခါတွင် သုဝဏ္ဏသာမ၏ မိခင် ဖခင်များဖြစ်ကြသည့် ဒုကူလနှင့် ပါရိကာတို့သည် စကားသုံးမျိုးအား တစ်မျိုးတည်းဖြင့် ပြီးမြောက်အောင် ပြောဆိုသည်မှာ **"သားရွှေအိုးထမ်းလာသည်ကို မြင်လိုပါသည်"**ဟု အားလုံးအကျုံးဝင်အောင် သိမ်းပိုက်ပြောဆိုနိုင်ခဲ့သဖြင့် စကားတစ်ခွန်းတည်းဖြင့် လိုရာကို ပြီးပြည့်စုံစွာ ရရှိခဲ့ပါသည်။

ဤသို့ စကားပြောနည်းကို **"အိုးတန်ဆန်ခတ်ပြောနည်း"**ဟု ဆိုစမှတ်ပြုခဲ့ကြသည်။ **(စကားပြောနည်းဆက်လက်ဖော်ပြပါမည်။)**

(သာသနာရေး)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့် ရပ်ကွက် အဝေရာလမ်း အမှတ် ၆၄၊ ၆လွှာ F/၆ နေ ဒေါ်ခင်ထားမိသားစုက အလှူငွေ ကျပ်တစ်သိန်းငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ကုသလ(M.A) ရှေ့မှောက်၌ တာဝန်ခံ ရွှေမြင့်တင်ဦးညို (သီဟသုခမ္မ မဏိဇောတဓရ သဒ္ဓမ္မ ဇောတိကဓဇ)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညာဏ်ဝင်းသည် ၂၀၀၆ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော မစ္စတာနစ်(တ်)ယာ၊ ဖိဘူး(လ်)စွန်ခရမ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

စီးပွားရေးတက္ကသိုလ် ကျောင်းသားကျောင်းသူများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၉

၁၉၆၆-၇၀ စာသင်နှစ် စီးပွားရေးတက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ၁၀ ရက်(တနင်္ဂနွေနေ့)တွင် Western Park Royal Restaurant (ကန်တော်ကြီး)၌ ကျင်းပမည် ဖြစ်သည်။ မည်သည့် စာသင်နှစ်ကမဆို ၁၉၇၀ ပြည့်နှစ်တွင် ဘွဲ့ရရှိသူများနှင့် ၁၉၆၆-၁၉၇၀ စာသင်နှစ်အတွင်း တွေ့ဆုံခဲ့ကြသည့် ကျောင်းနေဖက်သူငယ်ချင်းများအားလုံး တက်ရောက်နိုင်ကြပြီး အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲသို့ တက်ရောက်ပါဝင် လှူဒါန်းလိုသူများသည် ဦးစိန်ဝင်း ဖုန်း-၀၉-၅၁-၀၆၄၃၅၊ ၇၂၁၅၇၀၊ ဒေါ်ညို မီ ကြည် ဖုန်း-၀၉-၅၀-၀၃၀၉၂၊ ၅၈၀၂၅၈၊ ဦးတင်လတ် ဖုန်း-၀၆၇-၄၀၉၃၉၆နှင့် ဦးခိုင်စိန် ဖုန်း-၂၉၆၅၆၅၊ ၂၉၄၉၁၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ရုံးခန်း၌ အမှတ်၉ သီရိလမ်း ပါရမီရိပ်သာ ရန်ကင်းမြို့နယ်နေ ဖခင်ကြီး ဗိုလ်မှူးကြီးလှမောင်(ငြိမ်း) အားရည်စူး၍ ဇနီး ဒေါ်သိန်းမြနှင့် သားသမီး မြေးမြစ်များက အလှူငွေကျပ် တစ်သိန်းငါးသောင်းကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် မိဘများဖြစ်ကြသော ဒေါက်တာဇီဝ-ဒေါ်ခင်အေးကြည်တို့အား ရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဟသ်ာတလမ်း အမှတ် ၃၄ နေ ဦးစောဦး-ဒေါ်ကြည်ကြည်လင်းစံ၊ ညီမ ဒေါက်တာမကြည်အောင်နှင့် မောင်နှမ မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင် ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကင်မရာဖုန်းသုံးစွဲသူ ပို၍များလာ

ပြီးခဲ့သောလက တိုကျိုမြို့တွင် ကင်မရာဖုန်းအသစ်များ သိသိသာသာ ရောင်းချခဲ့ရသည်။ **(အောက်ပုံ)**

ရေပန်းစား

ယခုအခါ ကမ္ဘာအနှံ့ ကင်မရာဖုန်း ဝယ်ယူသုံးစွဲမှုမှာ တစ်နှစ်ထက်တစ်နှစ် များပြားလာခဲ့သည်။ ဖုန်းသုံးစွဲမှုများ ပို၍များပြားလာခြင်းနှင့် အတူ နည်းပညာအဆင့်မြင့်မားသော ဒီဂျစ်တယ်ကင်မရာဖုန်းများ ဝယ်ယူသုံးစွဲမှုမှာလည်း ရေပန်းစားလာလျက်ရှိသည်။

အလွယ်တကူ

ကင်မရာဖုန်းများသည် ယူဆောင်သွားရန် အလွယ်တကူရှိခြင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှုအပြင် ဓာတ်ပုံနှင့် ဗီဒီယိုများရိုက်ကူးခြင်းတို့ကြောင့် ယနေ့ မီဒီယာသမားများ၊ ရုပ်ရှင်၊ ဗီဒီယိုနှင့် စီးပွားရေးလုပ်ငန်းအရပ်ရပ်တွင် အသုံးတွင်ကျယ်သော အသုံးအဆောင်ပစ္စည်းသဖွယ် ဖြစ်လာလျက်ရှိသည်။ **(ကိုးကား-အင်တာနက်)**

အင်တာနက်သတင်းနှင့်ဓာတ်ပုံ



မိုးလေဝသဂြိုဟ်တုသစ် မကြာမီလွှတ်တင်မည်

မိုးလေဝသခန့်မှန်းရေးနှင့် ရာသီဥတုဆိုင်ရာများလေ့လာမည့် ဂြိုဟ်တုတစ်လုံးကို မကြာမီလွှတ်တင်မည် ဖြစ်ကြောင်း ဥရောပ အာကာသအေဂျင်စီက ပြောကြားသည်။

အမည်ပေး

အဆိုပါဂြိုဟ်တု၏ အမည်ကို မီတော့ပ်အေဟု အမည်ပေးထားပြီး ၎င်းသည် ကမ္ဘာမြေကိုလှည့်ပတ်နေသော မိုးလေဝသ ဂြိုဟ်တုသုံးလုံးအနက်မှ တစ်လုံးဖြစ်သည်ဟု ဆိုသည်။

လွှတ်တင်မည်

ယင်းဂြိုဟ်တုကို အောက်တိုဘာ ၁၇ ရက်တွင် ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနာအာကာသစခန်းမှ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

ယခုအခါ အဆိုပါ ဂြိုဟ်တု လွှတ်တင်ရေးအတွက် နောက်ဆုံးစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ၎င်းအား ရုရှားဒုံးပျံ ဆိုယုဇ်နှင့် လွှတ်တင်သွားမည်ဖြစ်ကြောင်း ဥရောပ အာကာသအေဂျင်စီက ပြောကြားသည်။

ယင်းဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် မိုင်ပေါင်း ၄၉၇ မိုင်အကွာမှ လှည့်၍ ကမ္ဘာ့ရာသီဥတုသတင်းအချက်အလက်များ ရယူပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

(ကိုးကား-အင်တာနက်)

အကဲဖြတ်ဒိုင်အဖြစ် တာဝန်ထမ်းဆောင်ရန် နန်နင်းမြို့သို့ ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ၂၀၀၆ ခုနှစ် တရုတ်အာဆီယံပြပွဲတွင် ကျင်းပမည့် ပထမအကြိမ် CHINA-ASEAN Youth art-work Creativity Contest ပြိုင်ပွဲအတွက် အကဲဖြတ်ဒိုင်အဖြစ် တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) အတွင်းရေးမှူး ဦးသန့်စင်(ခ) ပန်းချီလှတင်ထွန်းသည် အောက်တိုဘာ ၇ ရက် နံနက် ၇ နာရီတွင် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးစောလှိုင်၊ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်း၊ ပညာရေးမှူး ဦးပြည်စိုးမြင့်နှင့် အလုပ်အမှုဆောင် ဦးလှကြူးတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)** **(က-ပ)**

မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး စုပေါင်းမဟာဘုံကထိန်ပွဲတော်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၉

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ ဩဝါဒါစရိယ မဟာနဦးသျှောင်ဆရာတော်ကြီးများ၊ ကျောင်းနေဝါဆိုသံဃာတော်များနှင့် ပင့်သံဃာတော်များ စုစုပေါင်းအပါး၄၀တို့အား ဂေါပကအလုပ်အမှုဆောင်အဖွဲ့၊ ပညာရေးနှင့် သင်ကြားပို့ချရေးကော်မတီ၊ ဆွမ်း၊ ကွမ်းဝေယျာဝစ္စ အမျိုးသမီးအဖွဲ့၊ ကျန်းမာရေးနှင့်လူမှုဝန်ထမ်းရေးရာအဖွဲ့၊ မဟာသန္တိသုခ အဘိဓမ္မာသင်တန်း၊ တာမွေမြို့နယ် အထက-၄၊ မင်္ဂလာဈေး အဘိဓမ္မာ သင်တန်းသား၊ သင်တန်းသူများနှင့်အလှူရှင်များက (၁၀)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်ပွဲတော်ကို အောက်တိုဘာ ၂၈ရက်(စနေနေ့) မွန်းလွဲ၁နာရီတွင် အဆိုပါကျောင်းတော်ကြီး ခုနစ်ထပ်ရှိ မဟာကမ္မဋ္ဌာန်းကျောင်းဆောင်၌ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

လက်ပံတန်းဘူတာ၌ နှစ်လုံးထီရောင်းချသူဖမ်းမိ

နေပြည်တော် အောက်တိုဘာ ၉

ပဲခူးတိုင်း လက်ပံတန်းမြို့နယ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် လက်ပံတန်းဘူတာအတွင်း လုံခြုံရေး တာဝန်ထမ်းဆောင်နေစဉ် အောက်တိုဘာ ၆ ရက်နံနက်၁၀နာရီခန့်တွင် မိုးညိုမြို့နယ် ထိန်တောကျေးရွာအုပ်စု ရေသပြာကျေးရွာနေ ဝင်းကိုဆိုသူအား မသင်္ကာဖွယ်ရာ တွေ့ရှိရသဖြင့် ရှာဖွေစစ်ဆေးမှုများကိုဆောင်ရွက်ခဲ့ရာ ဝင်းကိုထံမှ နှစ်လုံးထီ ဂဏန်းများပါရှိသော ဘောက်ချာစာရွက်များနှင့်လောင်းကြေးငွေများကို သိမ်းဆည်းရမိခဲ့သည်။

အရေးယူ

ယင်းဖြစ်စဉ်အရ တရားခံဝင်းကိုအား လက်ပံတန်း ရဲတပ်ဖွဲ့စခန်းက ပြစ်မှုဆိုင်ရာ လောင်းကစားဥပဒေ ပုဒ်မ ၁၅(က)နှင့် ၁၆(က)တို့အရ အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ **ကျောဖုံးမှ**

တက်ရောက်

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ကော်မရှင်တွဲဖက် အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် ဦးသောင်းညွန့်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော ပြည်ပသတင်းဌာန ၂၁ခုတို့ဖြစ်သည့် Kyodo News၊ Tokyo Broadcasting System (TBS)၊ AP၊ AFP၊ Mainichi Shimbun၊ Reuters၊ Yomiuri Shimbun၊ Nippon Television (NTV)၊ Financial Times၊ Fuji Television၊ European Pressphoto Agency (EPA)၊ Tokyo Shimbun၊ Nishi Nippon၊ Asahi Shimbun၊ TV Asahi၊ Sankei Shimbun၊ Ji Ji Press၊ BBC၊ German Press Agency (GPA)၊ Australia Broadcasting Corporation (ABC) နှင့် Cable News International INC (CNN) တို့မှ ဒေသဆိုင်ရာ တာဝန်ခံများနှင့် သတင်းထောက်များ စုစုပေါင်း ၃၂ဦးတို့ တက်ရောက်ကြသည်။

မိတ်ဆက်

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ပြည်ပ သတင်းစာဆရာများအား တက်ရောက်လာကြသည့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်မှ ပုဂ္ဂိုလ်များနှင့် မိတ်ဆက်ပေးသည်။

အမျိုးသားညီလာခံနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ပြည်ပသတင်းဌာနများမှ သတင်းစာဆရာများအား ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

အမျိုးသားညီလာခံနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌက အမျိုးသားညီလာခံစတင်ကျင်းပခဲ့ပုံ၊ ကျင်းပပြီးစီးသည့် အမျိုးသားညီလာခံများ၌ ချမှတ်ပြီးဖြစ်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများ၊ ဆက်လက် ကျင်းပမည့် အမျိုးသားညီလာခံ၌ ညှိနှိုင်းဆွေးနွေးကြမည့်အကြောင်းအရာများ၊ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကြိုးပမ်းလုပ်ဆောင်

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်သူများ လိုလားတောင့်တနေသည့် ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ဒီမိုကရေစီကို မှန်မှန်ကန်ကန်၊ အနှစ်သာရရှိရှိဖြင့် ကျင့်သုံးနိုင်ရေးတို့အတွက် လိုအပ်သည့် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိဖြစ်ထွန်းအောင် နိုင်ငံတော်အစိုးရ၏ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုနှင့် ဒီမိုကရေစီဖော်ဆောင်ရာတွင် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကျင်းပပေးနေမှုတို့ကို ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်လျက် ဆန့်ကျင်ဘက်အုပ်စုများက နှောင့်ယှက်ဖျက်ဆီးရန် ကြိုးပမ်းလုပ်ဆောင်နေပုံများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ပသတင်းဌာနများမှ ဒေသဆိုင်ရာ တာဝန်ခံများနှင့် သတင်းထောက်များက အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အခြားသိလိုရာများကို လည်းကောင်း မေးမြန်းကြရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်တို့ကပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သတင်းစာရှင်းလင်းပွဲအပြီးတွင် အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသည့် ပြည်ပသတင်းဌာနများမှ သတင်းစာ ဆရာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ပကတိ အခြေအနေမှန်များ၊ ဖြစ်ရပ်မှန်များနှင့် ပြုပြင်ပြောင်းလဲရန် တိုးတက်ဖြစ်ထွန်းမှု အခြေအနေကောင်းများကို လေ့လာဖတ်ရှု သိရှိနိုင်ရန်အတွက် အင်္ဂလိပ်ဘာသာပြန်ဆိုထားသော အမျိုးသားညီလာခံဆိုင်ရာ စာအုပ်စာတမ်းများ၊ အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကြီးများ မှတ်တမ်းစာအုပ်၊ စိုးမြကျော် ရေးသားသည့် အနာဂတ် နိုင်ငံတော်တည်ဆောက်မှုပုံသဏ္ဌာန်၊ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့်အနှစ်သာရ စာအုပ်၊ တပ်မတော်အစိုးရလက်ထက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း(၁၉၈၈–၃၁ –၁၂–၂၀၀၅)စာအုပ်၊ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ မှတ်တမ်းစာအုပ်များ(၁/၂၀၀၆ မှ ၆/၂၀၀၆)အထိ၊ ပဲခူးတိုင်း မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်သို့ သံတမန်များနှင့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ သွားရောက်လေ့လာခဲ့သည့် ခရီးစဉ်မှတ်တမ်းစာအုပ်နှင့် ၁၈–၉–၂၀၀၆ရက်တွင် ထုတ်ပြန်ကြေညာခဲ့သော "မြန်မာနိုင်ငံ အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏သဘောထား" စာစောင်တို့ကို ပြန်ကြားရေး ဝန်ကြီးဌာနက တက်ရောက်လာကြသော ပြည်ပသတင်းစာဆရာများအား လက်ဆောင်အဖြစ် ပေးအပ်သည်။

(သတင်းစဉ်)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ကထိန်သင်္ကန်းကပ်လှူပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၉

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပွဲကို ဒဂုံမြို့သစ် (တောင်ပိုင်း) ၂၀ ရပ်ကွက်ရှိ ဝါးခယ်မကျောင်းတိုက်၌ အောက်တိုဘာ ၂၈ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ရန်ကုန်မြို့ ဝါးခယ်မမြို့နယ်အသင်းတိုက်တွင် နံနက် ၉ နာရီ၌ ဝါးခယ်မကျောင်းတိုက်ဆရာတော်နှင့် ဝါးခယ်မနွယ်ဖွား ဆရာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို သွားရောက်ပို့ဆောင်ကြမည်ဖြစ်သည်။ ကထိန်အတွက် လှူဒါန်းလိုသူများသည် အသင်းတိုက် ဖုန်း–၂၂၆၅၉၀ သို့ အောက်တိုဘာ ၂၆ ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ပြီး အသင်းဝင်များနှင့် မြို့နယ်သားများအား ကထိန်ခင်းမည့်ရက် နံနက် ၉ နာရီအရောက် အသင်းတိုက်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။

(က–ပ)

ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၉

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄)၊ ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်နယ်နိမိတ်အတွင်း) စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ၂၀၀၅– ၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပသည်။

ပေးအပ်

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄) ခေါင်းဆောင် ဒုတိယမြို့တော်ဝန်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီက ဆောင်ရွက်လျက်ရှိသော အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သက်သာချောင်ချိရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းစသည့် လုပ်ငန်းတာဝန်ကြီး (၅)ရပ်တို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်နှင့် အရန်အဖွဲ့ဝင်အင်အား တိုးပွားရေးအတွက် မြို့နယ်များအလိုက် စည်းရုံးရေးလုပ်ငန်းကို အလေးထားဆောင်ရွက်ကြရန်မှာကြားကာ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ အသက် ၇၅နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၅၈ဦးတို့ အတွက် ထောက်ပံ့ငွေကျပ် ငါးသိန်း ရှစ်သောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အတွင်းရှိ မြို့နယ် ၁၂မြို့နယ်မှ အသက် ၇၅နှစ် အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၇၉ဦးတို့ အတွက် ထောက်ပံ့ငွေကျပ် ၁၇သိန်း ကိုးသောင်းနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၂မြို့နယ်မှ အသက် ၇၅နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၅၁ဦး တို့အတွက် ထောက်ပံ့ငွေ ကျပ်ငါးသိန်းတစ်သောင်းတို့ကို သက်ဆိုင်ရာ ခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများထံ ပေးအပ်သည်။ **(ယာပုံ)**

ဂုဏ်ပြုငွေပေးအပ်

ဆက်လက်၍ ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့(စည်ပင်နယ်နိမိတ်အတွင်း) ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ရန်ကုန်မြောက်ပိုင်းခရိုင်မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီး ကျောင်းသား ကျောင်းသူနှစ်ဦးတို့အတွက် ဂုဏ်ပြုငွေကျပ်လေးသောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီး ကျောင်းသား ကျောင်းသူ ၁၄ဦးတို့အတွက် ဂုဏ်ပြုငွေ ကျပ်သုံးသိန်းလေးသောင်းနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီး ကျောင်းသား ကျောင်းသူ ရှစ်ဦးတို့အတွက် ဂုဏ်ပြုငွေ ကျပ်သုံးသိန်းခြောက်သောင်းတို့ကို သက်ဆိုင်ရာ ခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့တို့က တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄) ခေါင်းဆောင် ဒုတိယမြို့တော်ဝန်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က ပုဇွန်တောင်(၇)ရပ်ကွက်၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

အင်းစိန်စက်မှုလက်မှုသိပ္ပံ အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၉

အင်းစိန်စက်မှုလက်မှုသိပ္ပံ(လျှပ်စစ်ဓာတ်အားပေးရေး အင်ဂျင်နီယာဌာန)၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို တက္ကသိုလ်ရိပ်သာလမ်း တက္ကသိုလ်များဓမ္မာရုံ၌ အောက်တိုဘာ ၂၂ရက် နံနက် ၉နာရီတွင် ကျင်းပမည် ဖြစ်သည်။ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် နှင့် အလှူငွေ ထည့်ဝင်လိုသူများသည် ဦးမောင်မောင်အေး ဖုန်း–၀၉–၅၁၂၆၆၅၊ ဦးမောင်ဦး ဖုန်း–၀၉–၅၀၀၅၂၁၊ ဦးခင်မောင်မြင့် ဖုန်း–၀၉–၅၁၃၀၅၁၄ နှင့် ဦးလှသိန်း ဖုန်း–၂၈၅၁၇၆တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ပြိုင်ပွဲတိုင်းအောင်မြင်မှုရရန်ရည်မှန်းပြီး လေ့ကျင့်ပြင်ဆင်နေ မြန်မာဘောလုံးအသင်း စည်းကမ်းကောင်းသလို ကြိုးစားမှုအပြည့်ရှိ အားပေးကြသည့်ပရိသတ်အမြဲပျော်ရွှင်ရန် အောင်ပွဲများရယူပေးမည်

သတင်းဆောင်းပါး – ခိုင်းရဲရင့်
ဓာတ်ပုံမှတ်တမ်း – ကိုကိုစိုးညွန့်

ရန်ကုန် အောက်တိုဘာ ၉

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ နှစ်ပေါင်းများစွာ ဝေးကွာနေသော ချန်ပီယံဆုဖလားကို (၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲမှ ပြန်လည်ဆွတ်ခူးရယူပေးခဲ့သော မာဒေးကားချန်ပီယံ မြန်မာ့လက်ရွေးစင်အသင်းအား စိန်ခေါ်မှုအသစ်များနှင့် ထပ်မံရင်ဆိုင်ရန် နိုင်ငံတကာဘောလုံးပြိုင်ပွဲများက စောင့်ကြိုနေပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဦးဆန်းဝင်း။
ဓာတ်ပုံ–ကိုကိုစိုးညွန့်

သုံးလအတွင်း

မြန်မာအသင်းအနေဖြင့် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအထိ သုံးလတာကာလအတွင်း နိုင်ငံတကာပြိုင်ပွဲသုံးခုအား ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဒီဇင်ဘာလဆန်းပိုင်းတွင် မန္တလေးမြို့၌ ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ်မြောက် 2006 Grand Royal ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၊ ၂၀၀၇ခုနှစ် ဇန်နဝါရီလ၌ ကျင်းပမည့် အာဆီယံတံခွန်စိုက်ဘောလုံးပြိုင်ပွဲနှင့် ဖေဖော်ဝါရီလ၌ ကျင်းပမည့် ၂၀၀၈ ပေကျင်းအိုလံပစ်ခြေစစ်ပွဲတို့ ဖြစ်ပေသည်။ ထို့ပြင် ပြိုင်ပွဲဝင်ရန် ဖိတ်ကြားခြင်းခံထားရသည့် ဒီဇင်ဘာလ စတုတ္ထပတ်၌ ကျင်းပမည့် ထိုင်းဘုရင့်ဖလားပြိုင်ပွဲကိုပါ ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက ပြိုင်ပွဲလေးခုကို သုံးလအတွင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အနီးကပ်

မြန်မာအသင်း အနီးကပ်ဆုံး ယှဉ်ပြိုင်ရမည့် Grand Royal ဖလားဘောလုံးပြိုင်ပွဲကို ယှဉ်ပြိုင်ရန် အောက်တိုဘာ ၁ရက်မှစ၍ စခန်းသွင်းလေ့ကျင့်မှုများ စတင်ပြုလုပ်လျက်ရှိသည်။ မာဒေးကားချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးခဲ့သော လူငယ်နည်းပြဆရာနှစ်ဦး ဖြစ်သည့် ဦးဆန်းဝင်း (ဆောက်လုပ်ရေး)နှင့် ဦးကြည်လွင် (မြို့တော်စည်ပင်)တို့က ဆက်လက်ကိုင်တွယ်သွားမည်ဖြစ်ပြီး ပဏာမကစားသမား ၃၃ဦးကို ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည်။ အဆိုပါ ပဏာမကစားသမားများတွင် မာဒေးကားချန်ပီယံအသင်းမှ ၁၇ဦး ပြန်လည်ပါဝင်လာပြီး အဆင့်မြင့်တန်းတွင် ခြေစွမ်းပြကစားနေကြသည့် ၁၆ဦးဖြင့် ပေါင်းစပ်ရွေးချယ်ထားခြင်းဖြစ်သည်။ ထပ်မံရွေးချယ်ထားသည် ၁၆ဦးတွင် လက်ရွေးစင်ဟောင်းများ၊ ပဏာမလက်ရွေးစင်ဟောင်းများနှင့် လူငယ်လက်ရွေးစင်ဟောင်းများ အများစုပါဝင်လာပြီး လူသစ်ကစားသမားသုံးဦး ပါဝင်လာသည်။

မာဒေးကားချန်ပီယံ မြန်မာအသင်း ပထမဦးဆုံး ဆင်နွှဲရမည့် Grand Royal ဖိတ်ခေါ်ပြိုင်ပွဲကို လက်ရှိချန်ပီယံအသင်း အနေဖြင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ပထမအကြိမ် ၂၀၀၅ခုနှစ် အောက်တိုဘာနောက်ဆုံးပတ်နှင့် နိုဝင်ဘာပထမပတ်တို့တွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်းတွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာအသင်းက ဘင်္ဂလားဒေ့ရှ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရ ဖိုလ်စွဲခဲ့သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအပါအဝင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် တရုတ်တို့ လေးသင်းယှဉ်ပြိုင်ခဲ့ကြပြီး လေးသင်းစလုံး သက်တမ်းအလိုက် အသင်းများဖြစ်သော ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ယခုအကြိမ်တွင်မူ ပထမအကြိမ်ထက် ပိုမိုတောင့်တင်း ကောင်းမွန်သော အသင်းများကို ဖိတ်ကြားယှဉ်ပြိုင်စေရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ တိုက်ဂါးဖလားပြိုင်ပွဲ တစ်ဖြစ်လဲ အာဆီယံ တံခွန်စိုက်ဘောလုံးပြိုင်ပွဲမှာ အာဆီယံဒေသတွင်း၏ အဆင့်မြင့်ဆုံး ပြိုင်ပွဲတစ်ခုဖြစ်သည်နှင့်အညီ အောင်မြင်မှုရရှိရန် မြန်မာအသင်းအနေဖြင့် ကြိုးစားရမည် ဖြစ်သည်။ ယှဉ်ပြိုင်ခဲ့ပြီးသော အကြိမ်တိုင်းတွင် မြန်မာအသင်း အနေဖြင့် ပြီးခဲ့သည့် ၂၀၀၄ခုနှစ်တွင် အမြင့်ဆုံးအဖြစ် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီး စတုတ္ထနေရာ ရရှိခဲ့သည်။

ခြေစစ်ပွဲ

၂၀၀၈ ပေကျင်းအိုလံပစ် ခြေစစ်ပွဲအဖြစ် မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် အိမ်ကွင်း၊ အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ၂၀၀၄ ခုနှစ် အေသင်အိုလံပစ်ပြိုင်ပွဲ ခြေစစ်ပွဲတွင် မြန်မာအသင်းအနေဖြင့် ပထမအဆင့် ခြေစစ်ပွဲတွင် ဘင်္ဂလားဒေ့ရှ်အသင်းကို အနိုင်ရရှိခဲ့သော်လည်း ဒုတိယအဆင့် ခြေစစ်ပွဲတွင် ဂျပန်အသင်းကို အရေးနိမ့်ကာ ခြေစစ်ပွဲ မအောင်မြင်ခဲ့ပေ၊ တစ်ကျော့ပြန် ပြန်လည်ဖိတ်ကြားခြင်းခံထားရသည့် ထိုင်းဘုရင့်ဖလားပြိုင်ပွဲကိုမူ ပြိုင်ပွဲဝင်မဝင် မသိရှိရသေးပေ။ မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် မာဒေးကားဖလားပြိုင်ပွဲတွင် ရရှိခဲ့သော အောင်မြင်မှုအရှိန်ကို ထိန်းပြီး ဆက်လက်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန် လေ့ကျင့် ပြင်ဆင်လျက်ရှိသည်။ မြန်မာ့ဘောလုံးပရိသတ်ထုကြီး အနှစ်နှစ်အလလ မျှော်လင့်စောင့်ဆိုင်းနေသည့်ဆန္ဒကို မာဒေးကားဖလားပြိုင်ပွဲတွင် ဖြည့်ဆည်းပေးခဲ့သည့် ဦးဆန်းဝင်း၏ မြန်မာအသင်းကို အောင်ပွဲများ ဆက်လက်ရယူပေးရန် မျှော်လင့်လျက်ရှိသည်။

အနီးကပ်ဆုံး ပြိုင်ပွဲဖြစ်သည့် Grand Royal ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲသုံးခုကို ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသော ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့် ပတ်သက်၍ နည်းပြချုပ် ဦးဆန်းဝင်းက မြန်မာ့အလင်းသို့ ဤသို့ပြောပြသည်။

ရွေးချယ်ဖွဲ့စည်း

ဦးဆန်းဝင်းက ပြောကြားရာတွင် "အသင်းကို အဆင့်မြင့်တန်းမှ အကောင်းဆုံးကစားသမား ၃၃ ဦးဖြင့် ရွေးချယ်ဖွဲ့စည်းထားပါကြောင်း၊ ထို ပဏာမ ကစားသမား ၃၃ဦးတွင် မာဒေးကားချန်ပီယံအသင်းမှ ဂိုးသမား ကိုကိုအောင်မှလွဲ၍ ကျန် ၁၇ဦး ပြန်လည်ပါဝင်လာပါကြောင်း၊ မိမိနှင့် (ကို)ကြည်လွင်တို့က မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးပွဲ စကတည်းက ပွဲတိုင်းကို သွားရောက်ကြည့်ရှုပြီး မိခင်ကလပ်တွင် ခြေစွမ်းပြနေပြီး အသင်းအတွက် အထောက်အကူပြုနိုင်မည့် ကစားသမား၁၆ဦးကို မာဒေးကားချန်ပီယံအသင်းမှ ၁၇ဦးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ခြေစွမ်းပြပြီး အကောင်းဆုံး ကစားနိုင်သည့် ဘောလုံးသမားဟာ လက်ရွေးစင်ဖြစ်ခွင့်ရှိပါကြောင်း၊ ထို့အတွက် ကျင်းပဆဲ အမှတ်ပေးပွဲတွင် ခြေစွမ်းပြနိုင်သည့် မည်သည့်ဘောလုံးသမားကိုမဆို ထပ်မံအားဖြည့် ရွေးချယ်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့မြန်မာအသင်းအနေဖြင့် ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအတွင်း နိုင်ငံတကာပြိုင်ပွဲသုံးခု ယှဉ်ပြိုင်ရန်ရှိသော်လည်း ယခုလောလောဆယ် အနီးကပ်ဆုံး ပြိုင်ပွဲဖြစ်သည့် Grand Royal ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေပါကြောင်း၊ အသင်းကို တစ်ပတ်လျှင် တနင်္ဂနွေတစ်ရက်သာ အနားပေးပြီး ကျန်ခြောက်ရက်စလုံး လေ့ကျင့်နေပါကြောင်း၊ တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနှင့် သောကြာနေ့တို့တွင် တစ်ရက်လျှင် လေးကြိမ် လေ့ကျင့်ပြီး ဗုဒ္ဓဟူးနှင့် စနေနေ့တို့တွင် တစ်နေ့လျှင် နှစ်ကြိမ် လေ့ကျင့်ကြောင်း၊ တစ်နေ့လျှင် လေးကြိမ်လေ့ကျင့်သည့် နေ့များတွင် နံနက် ၇နာရီခွဲမှ ၈နာရီခွဲအထိ ကွင်းထဲတွင် ဘောလုံးကျွမ်းကျင်မှုများ လေ့ကျင့်ကြောင်း၊ ၈နာရီခွဲမှ ၉နာရီခွဲ (သို့) ၁၀နာရီအထိ လျင်မြန်မှုနှင့် ခံနိုင်မှုရှိစေရန် မြန်မာ့လက်ရွေးစင်ပြေးခုန်ပစ် နည်းပြဟောင်း ဦးသိန်းမြင့်နှင့် သုဝဏ္ဏကွင်း ပြေးလမ်းပေါ်တွင် အပြေးလေ့ကျင့်ခြင်းများ၊ အကြောလျှော့ခြင်းများ အပါအဝင် Physical Training° များ ပြုလုပ်ကြောင်း၊ ယခု ရွေးချယ်လေ့ကျင့်ပေးနေသည့် ပဏာမကစားသမားအားလုံးကို ယုံကြည်မှုအပြည့်ရှိပါကြောင်း၊ အောင်မြင်မှုများ အစဉ်မပြတ် လိုချင်နေကြသည့် ကစားသမားများပီပီ ပြင်းပြင်းထန်ထန် လေ့ကျင့်နေကြ၍ အားရမိပါကြောင်း" ဖြင့် အသင်းဖွဲ့စည်းထားမှု၊ လေ့ကျင့်မှုများနှင့် ပတ်သက်၍ မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

ပဏာမလက်ရွေးစင်အသင်း သုဝဏ္ဏဘောလုံးကွင်းတွင် အပြေးလေ့ကျင့်နေကြစဉ်။
ဓာတ်ပုံ– ကိုကိုစိုးညွန့်

လေ့ကျင့်ပြင်ဆင်

ဆက်လက်၍ ဦးဆန်းဝင်းက ယှဉ်ပြိုင်ရမည့်ပြိုင်ပွဲများနှင့် ပတ်သက်၍ "မိမိတို့အသင်းအတွက် ယှဉ်ပြိုင်ရမည့် Grand Royal ဖိတ်ခေါ်ပွဲအပါအဝင် ပြိုင်ပွဲတိုင်းဟာ အရေးကြီးပါကြောင်း၊ ပြိုင်ပွဲတိုင်းမှာ အောင်မြင်မှုရရန် ရည်မှန်းပြီး လေ့ကျင့်ပြင်ဆင်နေပါကြောင်း၊ အောင်မြင်မှုရမည်ဟုလည်း ယုံကြည်ပါကြောင်း၊ ယခု ပဏာမကစားသမားများမှာ စည်းကမ်းကောင်းသလို ကြိုးစားမှုကလည်း အပြည့်ရှိကြောင်း၊ အောင်မြင်မှုလည်း လိုချင်နေကြကြောင်း၊ စည်းလုံးညီညွတ်မှုနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာကလည်း ပြောစရာမလိုကြောင်း၊ ဒီလို အချက်တွေနှင့် ပြည့်စုံနေသည့်အသင်းဟာ အောင်မြင်ရန် မခဲယဉ်းကြောင်း၊ မာဒေးကား ပြိုင်ပွဲတွင် အာဆီယံ ထိပ်သီးသုံးသင်းကို ရှုံးပွဲမရှိ ဖိုလ်စွဲပြီးသည့်နောက်တွင် ကစားသမားများမှာ ယခင်ကထက် ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိလာပြီး ကိုယ့်အရည်အချင်းကိုယ် ယုံကြည်လာကြကြောင်း၊ ပြိုင်ပွဲဆိုသည်နှင့် အနိုင်အရှုံးပါလာကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲတိုင်းဟာ အရေးကြီးပါကြောင်း၊ မြန်မာပရိသတ်များမှာ ဘောလုံးဆိုလျှင် အလွန်မြတ်နိုးကြပြီး အရှုံးအမှုး အားပေးကြကြောင်း၊ ဒီလို အားပေးကြသည့် ပရိသတ်များ အမြဲပျော်ရွှင်နေအောင် ကျွန်တော်တို့က အောင်ပွဲများ ရယူပေးရမည် ဖြစ်ပါကြောင်း၊ ယင်းအတွက် အမြဲကြိုးစားနေမည်ဖြစ်ပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

ပဏာမ မြန်မာ့လက်ရွေးစင်အသင်းတွင် **ဂိုးသမား**–အောင်အောင်ဦး (ဘဏ္ဍာ/အခွန်)၊ ဇော်မိုးထက် (စီးပွားကူးသန်း)၊ ကျော်ဇင်ထက် (ဆောက်လုပ်ရေး)၊ သီဟစည်သူ (စီးပွားကူးသန်း)၊ **နောက်တန်း**–နီမောင်မောင်အောင်(ဘဏ္ဍာ/အခွန်)၊ မင်းသူ(စီးပွားကူးသန်း)၊ဟန်ဝင်းအောင်(ကမ္ဘောဇ)၊ ဇော်လင်းထွန်း(စီးပွားကူးသန်း)၊ ကျော်ဇေယျာမင်း(ပို့ဆောင်ရေး)၊ ဇော်ထက်အောင်(စွမ်းအင်)၊ မိုးဝင်း(စီးပွားကူးသန်း)၊ ခင်မောင်လွင်(လယ်/ဆည်)၊ ထူးကျော်(ဘဏ္ဍာ/အခွန်)၊ အေးစန်း (ကမ္ဘောဇ)၊ မျိုးဇော်ထွန်း(စီးပွားကူးသန်း)၊ တိုးမြင့်လှိုင်(ကာကွယ်ရေး)၊ **အလယ်တန်း**–စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)၊ နေဝင်း(ကမ္ဘောဇ)၊ ခင်မောင်ထွန်း(ဘဏ္ဍာ/အခွန်)၊ ကျော်သီဟ (ကမ္ဘောဇ)၊ အောင်ကျော်မိုး(ဘဏ္ဍာ/အခွန်)၊ စိုးသီဟအောင်(ဆောက်လုပ်ရေး)၊ ကျော်သူရ(ဘဏ္ဍာ/အခွန်)၊ စည်သူသန်း(ဆောက်လုပ်ရေး)၊ ဇော်ဇော် (မြို့တော်စည်ပင်)၊ အောင်မျိုးသန့် (စီးပွားကူးသန်း)၊ အောင်မြင့်အေး (မြို့တော်စည်ပင်)၊ ကျော်ခိုင်ဝင်း(စွမ်းအင်)၊ အောင်ကျော်ထွန်း(သစ်တောရေးရာ)၊ **ရှေ့တန်း**–ရန်ပိုင်(ဘဏ္ဍာ/အခွန်)၊ စည်သူဝင်း (ပြည်ထဲရေး)၊ မင်းမင်းထွန်း (ဆောက်လုပ်ရေး)နှင့် သူရိန်စိုး(မြန်မာ့မီးရထား)တို့ ဖြစ်ကြသည်။ ။ **(မြန်မာ့အလင်း)**

ပဏာမလက်ရွေးစင်အသင်းမှ ဇော်ထက်အောင်၊ ဇော်လင်းထွန်းနှင့် ကျော်ဇေယျာမင်းတို့ ဤသို့ ပြင်းပြင်းထန်ထန် လေ့ကျင့်နေကြသည်။
ဓာတ်ပုံ– ကိုကိုစိုးညွန့်

တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ စခန်းမှူးရုံးအသင်း ဗိုလ်လုပွဲသို့တက်ရောက်

ရန်ကုန် အောက်တိုဘာ ၉

၂၀၀၆ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ၏ ဒုတိယအကြိုဗိုလ်လုပွဲကို ယနေ့ညနေ၃နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့ပြဖွံ့ဖြိုးရေးသာမက ကျေးလက်ဒေသဖွံ့ဖြိုးရေးပါ အရှိန်အဟုန်ဖြင့် ကြိုးပမ်း လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေး မျက်ခြည်မပြတ် အလေးထားဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ် ပထမဆု၊ မြို့သာယာလှပရေး အကောင်းဆုံးမြို့နယ် ပထမဆုနှင့် အကောင်းဆုံး စံပြမြို့နယ်ဆုများ ရရှိသော တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ် ဒုတိယဆု၊ မြို့သာယာလှပရေး အကောင်းဆုံးမြို့နယ် ဒုတိယဆုနှင့် အကောင်းဆုံး စံပြမြို့နယ် ဒုတိယဆုများရရှိသော ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ် တတိယဆုနှင့် အကောင်းဆုံး စံပြမြို့နယ် တတိယဆုများရရှိသော ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဘဏ်လီမိတက်တို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်နှင့် တိုင်း စည်ပင်သာယာရေးအဖွဲ့များမှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာ၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနက ဦးဆောင်ကာ ၁၉၉၀ ပြည့်နှစ်ကစတင်ပြီး နှစ်စဉ်လုပ်ငန်းအစည်းအဝေးကို ကျင်းပခဲ့ရာတွင် ယခုကဲ့သို့ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်များပါမကျန် တာဝန်ရှိသူများ စုစည်းရောက်ရှိလာကြသော စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည် ညှိနှိုင်းအစည်းအဝေးတွင် ပထမပိုင်းအနေဖြင့် မိမိတို့လုပ်ငန်းနှင့်ဆက်နွှယ်ပြီး အလေးထားဆောင်ရွက်သွားရမည့် နိုင်ငံတော်၏မူဝါဒပိုင်းဆိုင်ရာများကို မှာကြားသွားမည် ဖြစ်ကြောင်း။

အောင်မြင်မှုများရရှိခံစား

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် အမိမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် နိုင်ငံတကာအလယ်၌ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေထိုင်နိုင်စေရန်နှင့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာစေရေးအတွက် အခြေခံကျသောတိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစွာဆောင်ရွက်ပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးတက်မှုရှိအောင် ဆောင်ရွက်ခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် ပြည်ထောင်စု နယ်မြေအစိတ်အပိုင်းအားလုံး ဖွံ့ဖြိုးတိုးတက်လာစေရန် အထူးဒေသကြီး ၂၄ ခု စီမံကိန်းကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ အောင်မြင်မှုအသီးအပွင့်များ ရရှိခံစားနေနိုင်ကြပြီဖြစ်ကြောင်း။

နိုင်ငံတော်၏လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသနေ ပြည်သူများဖြစ်သည့်အတွက် လူဦးရေအများစု ပြန့်ကျဲနေထိုင်ရာ ကျေးလက်ဒေသများ ဘက်စုံ၊ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကိုလည်း တပ်မတော်၊ ပြည်သူနှင့် အစိုးရဝန်ကြီးဌာနအသီးသီးက အချိတ်အဆက်မိမိဖြင့် တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မဆုတ်မနစ်ကြိုးပမ်း

နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ မိမိနိုင်ငံတော်ကြီးကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတော်လုံခြုံရေး စသည့် ရှုထောင့်အသွယ်သွယ်ဖြင့် နယ်ပယ်စုံ ကဏ္ဍစုံ၌ နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရအောင် ရည်မှန်းချက်မြင့်မြင့်မားမားထားရှိပြီး ဦးတည်ချက်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ၌ နိုင်ငံ့ဝန်ထမ်းများအပါအဝင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအနေဖြင့် ပြည်ထောင်စု၏ မည်သည့်နေရာတွင်နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ကို ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးပြီး ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည် ဆိုသည်ကို အစဉ်သတိချပ်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ယနေ့အစည်းအဝေးကို တက်ရောက်လာကြသော စည်ပင်သာယာရေးဝန်ထမ်းများအနေဖြင့် တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် စည်ပင်သာယာရေးကဏ္ဍမှတစ်ဆင့် အမျိုးသားရေးတာဝန်များကို မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်ပေးကြရန် ဦးစွာ တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားစီးပွားရေးစီမံကိန်းများကို ချမှတ်ပြီး ယင်းစီမံကိန်းများနှင့် လိုက်လျောညီထွေစွာ စိုက်ပျိုးရေး၊ သစ်တော၊ သတ္တု၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍအသီးသီးတွင်လည်း နှစ် ၃၀ နှစ်ရှည်စီမံကိန်းများကို ကာလတို ငါးနှစ်စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ၌ ယခုဆိုလျှင် အမျိုးသားစီးပွားရေးစီမံကိန်း၏ တတိယကာလတို ငါးနှစ်စီမံကိန်းကာလ ပြီးဆုံးပြီဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြည်သူ့အကျိုးပြု နိုင်ငံ့ဝန်ထမ်းများအား မည်သည့်ခေတ်ကာလနှင့်မျှ မတူအောင် လစာများကို ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်ပေးခဲ့ပြီးဖြစ်ကြောင်း။

စွမ်းစွမ်းတမံဆောင်ရွက်

ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအားလုံးတွင် နိုင်ငံတော်၏ မွန်မြတ်သည့် စေတနာနှင့် ရည်ရွယ်ချက်များကို တုံ့ပြန်သောအားဖြင့် မိမိပြည်နယ်၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် စွမ်းစွမ်းတမံ ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူများ၏ လူနေမှုဘဝ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရုံသာမက ဒေသဖွံ့ဖြိုးတိုးတက်မှုရှိစေရေးနှင့် စည်းကမ်းစနစ်ကျနသော လူမှုပတ်ဝန်းကျင်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်နေစေရေးအတွက် အစဉ်အမြဲ ရှေ့ရှုဆောင်ရွက်ပေးနေရသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၏ လူနေမှုဘဝ အခြေခံလိုအပ်ချက်များ ပြည့်စုံလာစေပြီး ဖွံ့ဖြိုးတိုးတက်သာယာမှုရှိလာစေရေးအတွက် ပြည်နယ်၊ တိုင်းအသီးသီးရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက လိုက်နာဖော်ဆောင်ပေးရမည့် လုပ်ငန်းတာဝန်များကို ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေတွင် လုပ်ငန်းတာဝန်အချက် ၃၀ အဖြစ် အသေးစိတ်ဖော်ပြသတ်မှတ်ပြဋ္ဌာန်းပေးပြီးဖြစ်ကြောင်း။

မွန်မြတ်သည့်လုပ်ငန်း

ဤလုပ်ငန်းတာဝန် အချက်၃၀ နှင့်အညီ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် မိမိဒေသအတွင်းကောက်ခံရရှိသောရန်ပုံငွေများဖြင့် မိမိဒေသ၌ နေထိုင်ကြသည့် ပြည်သူများ၏လိုအပ်ချက်များကို စေတနာထား ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဒေသနေ ပြည်သူတို့၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရခြင်းသည် မွန်မြတ်သည့် လုပ်ငန်းရပ်များဖြစ်သကဲ့သို့ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ခံယူထားကြမည်ဖြစ်ကြောင်း။

စည်ပင်သာယာရေးအဖွဲ့များသည် ယခုကဲ့သို့ မိမိတာဝန်ကျရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ကြရာတွင် မြို့ပြ ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များသာမက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များကိုပါ အရှိန်အဟုန်ဖြင့် တိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက ချမှတ်ပေးထားသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ပါ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းရပ်များသည် စည်ပင်သာယာရေးအဖွဲ့များက အဓိကဖော်ဆောင်ပေးရမည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည်နှင့်အညီ ကျေးရွာတွင်းလမ်းများ၊ ကျေးရွာချင်းဆက် လမ်းများနှင့် ကျေးရွာမှ မြို့သို့ တက်သည့်လမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် မိမိတို့၌ရှိသော ကိုယ်ပိုင်အရည်အသွေး၊ ကိုယ်ပိုင်စွမ်းအားစုများနှင့် နည်းပညာများကိုအသုံးချပြီး ကျေးလက်နေပြည်သူများ၏ ထောက်ခံအားပေးမှုကိုပါ စည်းရုံးရယူကာ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ကျေးလက်အိမ်ရာစီမံကိန်းသည် ကျေးလက်နေပြည်သူများ နေထိုင်မှုဘဝ အဆင့်အတန်းမြင့်မားလာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်စေသည့် လုပ်ငန်းဖြစ်သည်နှင့်အညီ လက်တွေ့ တာဝန်ယူဆောင်ရွက်နေကြသူများ အနေဖြင့် မိမိတို့အတွေ့အကြုံနှင့် အတတ်ပညာများကိုပေါင်းစပ်ပြီး ဒေသအခြေအနေနှင့်ကိုက်ညီမည့် ကျေးလက်စံပြအိမ်ရာများအဖြစ် ပေါ်ပေါက်လာစေရေး အတွက် ချမှတ်ထားသော စီမံချက်ပါအတိုင်း ပြီးစီးအောင် ရည်မှန်းချက်ထား လုပ်ဆောင်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခင်းကျင်းပြသထားသော ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် အကောင်းဆုံးမြို့နယ်ဆုရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထိထိရောက်ရောက်အောင်မြင်

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀–၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ နှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်လမ်း မိုင်ပေါင်း ၃၂၉၃၉ မိုင်ကို ဖောက်လုပ်ပေးနိုင်ခဲ့ပြီး ကျေးလက်တံတားပေါင်း ၁၉၀၃၂ စင်းဆောက်လုပ်ပေးနိုင်ခဲ့ပြီးဖြစ်သည်ဟု သိရကြောင်း၊ တစ်ချိန်တည်းမှာပင် မြို့ပြလမ်း ၅၅၁၃ မိုင်နှင့် မြို့ပြတံတား ၁၁၃၂၂ စင်းကို ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရသည့်အတွက် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ဒေသနေ ပြည်သူလူထုများ အကျိုးအတွက် မိမိတို့တာဝန်ယူရမည့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းတည်ဆောက်ရေးဆိုင်ရာ လမ်း/တံတားကဏ္ဍတွင် ထိထိရောက်ရောက် အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းကို အားရကျေနပ်စရာ တွေ့ရှိရကြောင်း။

လာမည့်နှစ်တွင်လည်း ယခု အရှိန်အဟုန်အတိုင်း ဆက်လက်ဆောင်ရွက်သွားရန်နှင့် ဖောက်လုပ်ပြီး လမ်း/တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နှစ်စဉ် ပြုပြင်ထိန်းသိမ်းမှုများကို မျက်ခြည်မပြတ် အလေးထား ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ထို့အပြင် အထူးတာဝန်ပေးချက်အရ စည်ပင်သာယာရေးအဖွဲ့များက တာဝန်ယူဆောင်ရွက်နေကြသည့် ခရိုင်ချင်းဆက် လမ်းများကိုလည်း နိုင်ငံတော်အတွက် အရေးပါသော စီမံကိန်းလုပ်ငန်း တစ်ရပ်ဖြစ်သည်နှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး စေတနာထား ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

ပေါင်းစပ်အကောင်အထည်ဖော်

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ပါ ဒုတိယ လုပ်ငန်းရပ်ဖြစ်သည့် ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းတွင် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့များက ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉–၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ ၁၀ နှစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ရာ၌ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ အပူပိုင်းဒေသတိုင်း သုံးတိုင်းတွင် ဆောင်ရွက်ပေးရမည့် ကျေးရွာ ၈၀၄၂ ရွာအနက် ကျေးရွာ ၇၇၁၇ ရွာကို ရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၉၆ ရာခိုင်နှုန်းရရှိပြီဆိုသည်ကို တွေ့ရကြောင်း၊ အလားတူ ကျန်ပြည်နယ်၊ တိုင်းများ၌ ဆောင်ရွက်ပေးရမည့် ကျေးရွာ ၁၅၁၈၃ ရွာအနက် ကျေးရွာပေါင်း ၈၃၀၅ ရွာကို ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၅၅ ရာခိုင်နှုန်း ဆောင်ရွက်ပေးပြီးပြီဆိုသည်ကို တွေ့ရကြောင်း၊ တစ်နိုင်ငံလုံးအနေအထားဖြင့် သုံးသပ်ကြည့်လျှင် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ရန် ကျေးရွာစုစုပေါင်း ၂၃၂၂၅ ရွာအနက် ကျေးရွာပေါင်း ၁၆၀၂၂ ရွာကို ဆောင်ရွက်ပေးပြီးဖြစ်၍ ၆၉ ရာခိုင်နှုန်း ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်နိုင်အောင် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေမှ ငွေကျပ် သန်း ၂၀၀၀၊ စည်ပင်သာယာရေးအဖွဲ့များ ရန်ပုံငွေမှ ငွေကျပ် ၄၀၃၃ သန်းနှင့် စေတနာရှင်၊ အလှူရှင်များ ပါဝင်လှူဒါန်းငွေကျပ် ၁၃၀၆ သန်း၊ အမေရိကန်ဒေါ်လာ ၇၆၇၅၂၊ အက်ဖ်အီးစီ ၁၀၀၁၂ နှင့် ယူရို ၇၇၀ တို့ကို ပေါင်းစပ် အကောင်အထည်ဖော်ခြင်းတို့ကြောင့်ဖြစ်ကြောင်းကို တွေ့ရှိရကြောင်း။

ကျန်သည့် လေးနှစ်တာကာလအတွင်းတွင် တစ်နိုင်ငံလုံးရည်မှန်းချက်ပြည့်မီရေးအတွက် စေတနာရှင်ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန်လိုမည်ဟု မှာကြားလိုကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

ကျေးလက်ရေရရှိရေးနှင့်ပတ်သက်၍ တစ်ဆက်တည်း မှာကြားလိုသည်မှာ ကျေးရွာတိုင်း ရေရရှိရေး၊ ရေဖူလုံစွာရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး စသည့် ဦးစားပေးလုပ်ငန်းများအလိုက် တာဝန်ရှိသူအဆင့်ဆင့်မှ ကျေးရွာများအထိ ကွင်းဆင်းကြီးကြပ်ပေးရန်နှင့် တူးဖော်ဆောင်ရွက်ပေးပြီးဖြစ်သည့် ရေတွင်း၊ ရေကန်များကို ရေရှည်အသုံးပြုနိုင်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရေးကိုပါ တစ်ပါတည်း အလေးထားဆောင်ရွက်ရန် မှာကြားလိုကြောင်း။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် စည်ပင်သာယာရေးဆိုင်ရာ ပင်မလုပ်ငန်းတာဝန်များအပြင် နိုင်ငံတော်အကြီးအကဲက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို တာဝန်ပေးထားသည့် လုပ်ငန်းတစ်ရပ်ဖြစ်သော ကျေးလက်ဒေသအိမ်ရာဆောက်လုပ်ရေးလုပ်ငန်းကို လက်ရှိပြည်နယ်နှင့် တိုင်း ခုနစ်ခုတွင် ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း။

ရည်မှန်းချက်ထားလုပ်ဆောင်

ကျေးလက်အိမ်ရာစီမံကိန်းသည် ကျေးလက်နေပြည်သူများ နေထိုင်မှုဘဝအဆင့်အတန်းမြင့်မားလာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်စေသည့် လုပ်ငန်းဖြစ်သည်နှင့်အညီ လက်တွေ့တာဝန်ယူဆောင်ရွက်နေကြသူများအနေဖြင့် မိမိတို့ အတွေ့အကြုံနှင့် အတတ်ပညာများကို ပေါင်းစပ်ပြီး ဒေသအခြေအနေနှင့် ကိုက်ညီမည့် ကျေးလက်စံပြအိမ်ရာများအဖြစ် ပေါ်ပေါက်လာစေရေးအတွက် ချမှတ်ထားသော စီမံချက်ပါအတိုင်း ပြီးစီးအောင် ရည်မှန်းချက်ထား လုပ်ဆောင်သွားရန်လိုကြောင်းကို ပြောကြားလိုကြောင်း။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်သာယာမှုရှိစေရေးနှင့် ဒေသနေပြည်သူများ၏ လူနေမှုဘဝဆိုင်ရာ အခြေခံလိုအပ်ချက်များဖြစ်သည့် စည်ပင်သာယာရေးလုပ်ငန်းရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရာတွင် ဥပဒေ၊ စည်းကမ်းများနှင့်အညီ ဒေသတွင်း ကောက်ခံရရှိသော အခွန်၊ အခများပေါ်၌ အခြေခံပြီး မိမိရန်ပုံငွေဖြင့် မိမိရပ်တည်ဆောင်ရွက်ပေးကြရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အခွန်၊ အခများ ကောက်ခံရာတွင်လည်း ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ရသင့်ရထိုက်သော အခွန်၊ အခများ အပြည့်အဝရရှိရေး၊ စနစ်တကျ စည်းကြပ်ကောက်ခံသွားကြရန် မှာကြားလိုကြောင်း၊ ထို့အပြင် လုပ်ငန်းအသုံးစရိတ်များ ကျခံသုံးစွဲရာတွင်လည်း အလေအလွင့်မရှိအောင် သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီသော လုပ်ငန်းများဖြစ်အောင် တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ပေးကြပါဟု မှာကြားလိုကြောင်း။

အလေးထားကြိုးပမ်း

မြို့သာယာလှပရေးအပိုင်းနှင့် ကြည့်မည်ဆိုလျှင် ယခုအခါ ဒေသတွင်း နိုင်ငံတကာမြို့ကြီးများနည်းတူ မိမိတို့နိုင်ငံအတွင်းရှိ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး အစရှိသော မြို့များကို နိုင်ငံတကာအဆင့်မီ မြို့တော်များနှင့် ရင်ပေါင်တန်းနိုင်ရေး အလေးထား ကြိုးပမ်းဆောင်ရွက်နေကြောင်း။

မြို့ရွာများ သန့်ရှင်းသာယာမှုရှိစေရေးနှင့် မြို့ပြအင်္ဂါရပ်နှင့်အညီ စနစ်တကျ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသည် စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကကျသော အခြေခံလုပ်ငန်းတာဝန်များဖြစ်သည်နှင့်အညီ မိမိတို့ တာဝန်ယူရသည့် မြို့ပြဒေသများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ စိမ်းလန်းစိုပြည်သာယာလှပရေးမှအစ မြို့အင်္ဂါရပ်နှင့်ညီညွတ်ပြီး စနစ်ကျနသော မြို့ပြဒေသများဖြစ်စေရေးအတွက် ဝန်ကြီးဌာန၊ ဦးစီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ အစဉ်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုမည်ဖြစ်ကြောင်း။

မြို့ရွာများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ပတ်သက်၍ စည်ပင်သာယာရေးအဖွဲ့များ၏ တစ်နှစ်တာဆောင်ရွက်ချက်များအပေါ် အဆင့်ဆင့်စစ်ဆေး အကဲဖြတ်ပြီး အကောင်းဆုံးစံပြမြို့နယ်ဆု၊ မြို့သာယာလှပရေး အကောင်းဆုံးမြို့နယ်ဆု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ်ဆု စသည့် ဆုအသီးသီးကို ၂၀၀၄ ခုနှစ်ကစပြီး ပေးအပ်ချီးမြှင့်ခဲ့သည်ကို တွေ့ရကြောင်း။

စွမ်းစွမ်းတမံကြိုးစား

ယခုနှစ်တွင်လည်း အလားတူဆုများ ပေးအပ်ချီးမြှင့်သွားမည်ဟု သိရသည့်အတွက် ဆုရရှိသော မြို့များအနေဖြင့်လည်း မိမိတို့၏ အရည်အသွေးနှင့် စွမ်းဆောင်ချက်များ ကျမသွားအောင် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ဆုမရရှိသေးသည့် မြို့နယ်များအနေဖြင့်လည်း ဆုရရှိသော မြို့နယ်များကို အတုယူ စံနမူနာထားပြီး ပိုမိုသာလွန်ကောင်းမွန်သည့် မြို့နယ်များဖြစ်အောင် အားထည့် ကြိုးပမ်းလုပ်ဆောင်သွားကြရန်လိုကြောင်း၊ မြို့နယ် တာဝန်ရှိသူများအနေဖြင့် မိမိတာဝန်ယူရသည့် အချိန်ကာလအတွင်း မိမိမြို့နယ်၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက် သာယာမှုရှိစေရေး လုပ်ငန်းအပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းရပ်များ၌ မှတ်ကျောက်တင် ဂုဏ်ပြုခံရသော ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်အောင် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များသည် နယ်ပယ်ကျယ်ပြန့်သည့်အလျောက် ပြည်သူနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံရသည့်အားလျော်စွာ ပြည်သူများအပေါ်တွင် အခွင့်အာဏာပြခြင်း၊ မောက်မာစွာဆက်ဆံခြင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ မမှန်မကန်ဆောင်ရွက်ခြင်းတို့ကို ရှောင်ကြဉ်ပြီး ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနေကြရမည်ဖြစ်ကြောင်း။

အထူးသဖြင့် မြို့ပြ၊ ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများတွင် လမ်းပေါက်၊ ချိုင့်ခွက်များ များပြားနေခြင်း၊ တံတားများ ကျိုးပျက်နေခြင်း၊ လမ်းပေါ် ရေဝပ်နေခြင်း၊ ရေစီးရေလာများ ပိတ်ဆို့နေခြင်း၊ အမှိုက်များ စုပုံနေခြင်း၊ ဈေးများ သန့်ရှင်းမှုမရှိခြင်းများသည် ပြည်သူလူထု၏ နေ့စဉ်လူမှုဘဝနှင့် ထင်ဟပ်နေခြင်းကြောင့် အမြဲတမ်း အရေးတယူ အလေးထား ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

ပြည်သူများအပေါ် နွေးထွေးသိမ်မွေ့စွာဆက်ဆံပြီး လုပ်ငန်းများအပေါ် အလေးထားဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူတို့၏ အားကိုးယုံကြည်မှုကို ရရှိလာပြီး နိုင်ငံတော်မှ ပြည်သူများအပေါ်ထားရှိသည့် စေတနာမှန်များကို ပေါ်လွင်အောင် ဂရုပြု အလေးထားဆောင်ရွက်ပေးကြရန် အလေးအနက်တိုက်တွန်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ–

- **ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အနက် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများတွင် ချမှတ်ပေးထားသော စီမံကိန်း ရည်မှန်းချက်များ ပြည့်မီရေးအတွက် ကျန်ရှိသည့်ကာလအတွင်း အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **ပြည်သူ့ဝန်ထမ်းများပီပီ မိမိတာဝန်ကျရာ ရပ်ရွာဒေသများ ဖွံ့ဖြိုးတိုးတက် သာယာမှုရှိစေရအောင် တီထွင်ကြံဆ၊ လုံ့လဝီရိယစိုက်ထုတ်ပြီး ဆောင်ရွက်ပေးသွားကြပါ။**
- **စည်ပင်သာယာရေးလုပ်ငန်းစဉ်များဖြင့် ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ကြပါ။ ပြည်သူများအပေါ် နွေးထွေးသိမ်မွေ့စွာ ဆက်ဆံကြခြင်းဖြင့် ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို ရယူကြပါ။ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုပြီး မမှန်မကန် ဆောင်ရွက်ခြင်းကို ရှောင်ကြဉ်ကြပါ။**
- **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်မှု လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်စွာ အကောင်အထည်ဖော် ဖြစ်ထွန်းလာစေရအောင် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြပါ** ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ် ပထမဆုရ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုး၊ ဒုတိယဆုရ ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် တတိယဆုရ ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းတို့အား လည်းကောင်း၊ မြို့သာယာလှပရေး အကောင်းဆုံးမြို့နယ် ပထမဆုရ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုး၊ ဒုတိယဆုရ ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် တတိယဆုရ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမျိုးတို့အား လည်းကောင်း၊ အကောင်းဆုံးစံပြမြို့နယ် ပထမဆုရ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုး၊ ဒုတိယဆုရ ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် တတိယဆုရ ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းတို့အား လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် စုပေါင်းအစည်းအဝေးခန်းမအဝင်၌ ခင်းကျင်းပြသထားသော ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွက် အကောင်းဆုံးစံပြမြို့နယ်ဆု၊ မြို့သာယာလှပရေး အကောင်းဆုံးမြို့နယ်ဆုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ်ဆုရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ပြည်နယ်နှင့် တိုင်းအလိုက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ညောင်ကန်အေးရိပ်သာ ဘုံကထိန်သင်္ကန်းလှူဒါန်းပွဲ

ရန်ကုန် အောက်တိုဘာ ၉

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်း အမှတ် ၆ ရှိ မဟာစည် ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ (၂၆)ကြိမ်မြောက် ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက် (အောက်တိုဘာ ၂၂ ရက်)တွင် ကျင်းပမည်ဖြစ်သည်။ သင်္ကန်းဒွိစုံ သို့မဟုတ် တစ်စုံ တန်ဖိုးငွေကျပ် ၃၀၀၀၊ ထီးတစ်လက် ငွေကျပ် ၁၅၀၀၊ ဖိနပ်တစ်ရန် ငွေကျပ် ၁၀၀၀၊ သံဃာတော်တစ်ပါး ဆွမ်းစရိတ်၊ ယောဂီဥပုသ်သည် တစ်ဦး ဆွမ်းစရိတ် ငွေကျပ် ၂၀၀၊ ငွေပဒေသာပင် တစ်ပင် ငွေကျပ် ၁၀၀၀၊ ဆေးဝါး စသော ပစ္စည်းလေးပါးတို့ကို မိမိတို့ တတ်စွမ်းသမျှ ရိပ်သာ ဖုန်း–၆၄၂၂၁၉ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မုတ္တမ အထက မြတ်ဆရာပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၉

မွန်ပြည်နယ် မုတ္တမ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မုတ္တမ အထက၌ ကျင်းပမည်ဖြစ်ရာ အဆိုပါကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက် ၆၀ ပြည့် ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီက ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

ပါဝင်လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးလှထွန်း ဖုန်း–၀၁–၂၀၁၅၅၅၊ လိုင်းခွဲ ၄၂၁၊ ဦးသိန်းဝင်း ဖုန်း–၀၉–၅၀–၀၆၁၈၉၊ ဦးကိုကိုလေး ဖုန်း– ၀၁–၂၀၀၁၃၅၊ ဦးစိုးဝင်း ဖုန်း– ၀၉–၅၁–၁၃၁၅၉၊ ဦးစိုးအောင် ဖုန်း– ၀၅၇–၂၄၃၉၃၊ ဒေါ်ကျင်အေး ကျောင်းအုပ်ဆရာမကြီး ဖုန်း– မုတ္တမလိုင်းခွဲ ၄၅နှင့် ဦးစိုးမော် ဖုန်း ၀၉–၅၃–၂၀၅၇၅၊ ဦးတင်မောင် ၀၁– ၃၈၀၇၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဒုဋ္ဌဝတီမြစ်ရေ သီပေါနှင့်မြစ်ငယ်မြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၉

ဒုဋ္ဌဝတီမြစ်ရေသည် မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သီပေါမြို့တွင် ၅၄၃ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။ မြစ်ငယ်မြို့တွင် ၈၈၃ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သက်ဆိုင်ရာက ယနေ့ထုတ်ပြန်သည်။ (သတင်းစဉ်)

ကံ့ကော်မြိုင်သာသနာ့ရိပ်သာ (အင်းတိုင်) ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၉

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာ (အင်းတိုင်) (ရန်ကုန်–မန္တလေးလမ်းမကြီး၊ မိုင်တိုင်အမှတ် ၁၄/ခ)ရှိ ကံ့ကော်မြိုင် သာသနာ့ရိပ်သာတွင် ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်အရှင်သူမြတ်များနှင့် ဇရပ်ကွင်းကျေးရွာပတ်ဝန်းကျင်ရှိ ကျောင်းတိုက်အသီးသီးမှ ပင့်သံဃာတော် အရှင်သူမြတ်များအား ဒုတိယအကြိမ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါ ရိပ်သာကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ထွက်ခွာမည်

ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ သွားရောက်ရန် ကြို/ပို့ယာဉ်များကို ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် ကံ့ကော်မြိုင် သာသနာ့ရိပ်သာ စာသင်တိုက်တွင် စီစဉ်ထားရှိပြီး ယင်းနေ့ နံနက် ၇ နာရီ၌ စတင်ထွက်ခွာမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်စရာ

လူတို့သည် စတင်မွေးဖွားလာသည်မှ သေဆုံးချိန်တိုင်အောင် ဇွဲပါးသော အနာရောဂါအမျိုးမျိုးတို့၏ နှိပ်စက်မှုဒဏ်ကို ခံစားကြရပေသည်။ အသွားအလာ၊ အနေအထိုင်၊ အစားအသောက်မပျက်ခံစားရသည်ဆိုသော အာဂန္တုကရောဂါငယ်များမှသည် အသက်ဆုံးပါးသည်အထိ အန္တရာယ်ပြုတတ်ကြသော သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ ဝမ်းလျှောဝမ်းပျက်ရောဂါ၊ (တီဘီ)အဆုတ်ရောဂါ၊ လေငန်းရောဂါ၊ ကင်ဆာရောဂါစသည်တို့ဖြစ်သည်။ ရောဂါကြီးတစ်ခုခု မိမိခန္ဓာကိုယ်မှာ စွဲကပ်လာပြီဆိုလျှင် အလုပ်ပျက်၊ အကိုင်ပျက်၊ စီးပွားပျက်ဖြင့် လူမှုဒုက္ခအပေါင်းကို ခံစားကြရတော့သည်။ ရောဂါကနှိပ်စက်သည့်ဒဏ်ကို မချိမဆံ့ခံစားရသည်က တစ်ဖက်၊ လူမှုရေး၊ စီးပွားရေး ဆုံးရှုံးမှုများကို ခံစားကြရသည်က တစ်ဖက်နှင့် အလွန်ဆိုးရွားလှသည့် ဒုက္ခပင်ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားရှင်က အာရောဂျံ ပရမံ လာဘံဟု ဟောကြားတော်မူခဲ့ပေသည်။ ဤသည်မှာ လူတစ်ဦးချင်း၊ တစ်ယောက်ချင်း၌ စွဲကပ်နှိပ်စက်တတ်သည့် ရောဂါမျိုးသာရှိပေသေးသည်။ တစ်ကြိမ်တစ်ခါဖြစ်ရုံနှင့် လူပေါင်း ထောင်သောင်း သိန်းသန်းချီ၍ သေဆုံးနိုင်သော၊ သေဆုံးတတ်သော ကပ်သဘောဆောင်သည့် ရောဂါကြီးတစ်ခုခုဖြစ်လာပြီဆိုပါက အဘယ်မျှလောက် ကြောက်မက်ဖွယ်ကောင်းမည်ဆိုသည်ကို တွေးပင် မတွေးဝံ့စရာပင်တည်း။

ယခုအချိန်အခါသည်ကား နေက ပြင်းပြင်းပူလိုက်၊ မိုးကသဲသဲမဲမဲ ရွာလိုက်နှင့် အပူအအေး ဝိရောဓိဖြစ်နေသည့်အချိန်ကာလ ဖြစ်ပေသည်။ ဤအချိန်ကာလတွင် လူသားတို့၏ ခန္ဓာကိုယ်အတွင်း အဇ္ဈတ္တနှင့် ခန္ဓာကိုယ်ပြင်ပ ဗဟိဒ္ဓတို့၌ အပူအအေးညီညွတ်မျှတနေစေရန် အထူးဂရုပြုနေထိုင်ကြရမည်ဖြစ်သည်။ အနေအထိုင် မှားယွင်းသည်နှင့် ဝေဒနာတစ်မျိုးမျိုးကိုခံစားကြရမှာဖြစ်ပေသည်။ သို့ဖြစ်၍ ယခုအချိန်အခါကာလတွင် ဖြစ်ပွားလေ့၊ အဖြစ်များလေ့ရှိသော တုပ်ကွေးဖျားရောဂါနှင့်ပတ်သက်၍ မြန်မာ့တိုင်းရင်းဆေးပညာအမြင်ကို ဆက်လက်တင်ပြလိုပါသည်။

တုပ်ကွေးရောဂါကို မြန်မာ့တိုင်းရင်းဆေးပညာအရ မည်သို့ ယူဆပါသလဲ

တုပ်ကွေးရောဂါသည် မိုးသည်းလိုက်၊ နေပူလိုက် အချိန်ကာလမျိုးတွင် ပို၍ အဖြစ်များတတ်ပါသည်။ မိသားစုစားဝတ်နေရေးအတွက် သွားလာလုပ်ရှား ရုန်းကန်နေကြရသူများအဖို့ ဆိုးရွားသော ရာသီဥတုကို သတိကင်းမဲ့စွာနေထိုင်မိပါက ခန္ဓာကိုယ်အအေးမိခြင်းကြောင့် ခန္ဓာကိုယ်ပြင်ပ၌ အာဗန္ဓန(ခေါ်)ပတ်ဖွဲ့မှုများပြီး မွေးညင်း ဒွါရပေါက်များပိတ်ဆို့ကာ ခန္ဓာကိုယ်အတွင်းမှ ပြင်ပသို့ ပုံမှန်တွန်းကန် ထွက်နေလေ့ရှိသည့် အပူခိုး၊ အပူငွေ့များမှာ ထွက်ပေါက်မရှိဖြစ်ကာ ခန္ဓာကိုယ်အနှံ့အပြားသို့ တွန်းကန်လှုပ်ရှားကြသဖြင့် ခံစားရသူလူနာမှာ ကိုယ်ပူရှိန်ပြင်းထန်မှုနှင့်အတူ ခန္ဓာကိုယ်ရှိ အကြောမှန်သမျှ တောင့်တင်းမာကြောလာကာ ညောင်းညာကိုက်ခဲမှုကြောင့် ကြိုးဖြင့် ချည်နှောင်တုပ်ဆိုင်းထားသကဲ့သို့ ကွေးကောက်နေတတ်သည့် သဘောကြောင့် တုပ်ကွေးဖျား၊ တုပ်ကွေးရောဂါဟု ခေါ်ဆိုကြောင်း မြန်မာ့တိုင်းရင်းဆေးကျမ်းတချို့တွင် ရေးသားဖော်ပြထားသည်ကို လေ့လာသိရှိရပါသည်။

သိမ်ဖြူဆရာတော် အရှင်နာဂသိန်၏ အမြုတေသင်တန်းကုထုံးကျမ်းတွင် အဖျားရောဂါနှင့် ပတ်သက်၍ အဖျားတွေ့လျှင်၊ ဤသုံးအင်၊ ဆင်ခြင်သတိပြု၊ သိဉာဏ်ရှေ့သွား၊ သတိထား၊ ကြိုးစားဆောင်ရွက်ကု၊ မီးမြွေအလား၊ ပမာထား၊ မှတ်သားပုံတူရှု ဟူ၍ အဖျားရောဂါမှန်သမျှတွင် အနှစ်ချုပ်အားဖြင့် သုံးမျိုးသာရှိကြောင်း၊ ထိုသုံးမျိုးတို့မှာ–

(က) ဟီနဇရဟုခေါ်သည့် အာဂန္တုကအဖျား အပယိကအဖျား၊ အခိုက်အတန့်အဖျားဟူ၍ တစ်မျိုး၊

(ခ) မဇ္ဈိမဇရဟုခေါ်သည့် ဆေးဝါးကုသမှုခံယူပြီးမှသာ ပျောက်ကင်းတတ်သည့်အဖျားဟူ၍ တစ်မျိုး၊

(ဂ) ဥက္ကဋ္ဌဇရဟုခေါ်သည့် ခံစားရချက်ပြင်းထန်၍ အထူးဂရုတစိုက်နှင့်ကုသရန်လိုအပ်ပြီး ကုသရလည်း ခက်ခဲလှသည့်အဖျား (တစ်နည်း) လွန်သောအဖျား၊ ကြီးသောအဖျား၊ အလွန်နက်ရှိုင်းသော အဖျားဟူ၍ တစ်မျိုးတို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

တုပ်ကွေးရောဂါလက္ခဏာများ

တုပ်ကွေးရောဂါဖြစ်တော့မည်ဆိုပါက ချမ်းစိမ့်စိမ့်ဖြစ်လာပြီး ခြေဖျားလက်ဖျားများ အေးကာ ခေါင်းအုံကိုက်ခဲ၍ နှာမွန်ခြင်း၊ မကြာခဏ ချေဆတ်ခြင်းတို့ ဖြစ်လာပါလိမ့်မည်။ အအေးမိနှာစေးခြင်းနှင့် ဆင်ဆင်တူသဖြင့် ခပ်ပေါ့ပေါ့တွေး၊ ခပ်ပေါ့ပေါ့နေထိုင်တတ်ကြပါသည်။ ထိုသို့ဖြစ်လာလျှင် မပေါ့ဆပါနှင့်။ ရှေ့ဆက် ပိုမိုဆိုးရွားမလာအောင် ဂရုစိုက်ပါ။

ဖော်ပြပါလက္ခဏာများ ဖြစ်ပေါ်လာချိန်၌ကြိုတင်ကာကွယ်ခြင်းမပြုဘဲ ပေါ့ပေါ့ဆဆနေလိုက်ပါက အပူရှိန်ပြင်းထန်လာခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲလာခြင်း၊ နှာရည်များကျဆင်း၍ ချောင်းဆိုးလာခြင်း အားအင်ကုန်ခမ်းသကဲ့သို့ ပင်ပန်းနွမ်းနယ်လာခြင်းတို့ ဖြစ်လာပြီဆိုလျှင် တုပ်ကွေးဖျား၊ တုပ်ကွေးရောဂါကျရောက်တော့မည်ဟု မှတ်ယူကြရမည် ဖြစ်ပေသည်။

တုပ်ကွေးရောဂါကာကွယ်နည်း

တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်ပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာအလိုအရ ပထဝီဓာတ်နှင့် အာပေါဓာတ်တို့ အားကြီးလွန်ကဲ၍ အပတ်အဖွဲ့များပြီး တေဇောဓာတ်နှင့် ဝါယောဓာတ်တို့ အကျဉ်းကျ၍ ဖြစ်သော ရောဂါဖြစ်သောကြောင့် ခန္ဓာကိုယ်ပြင်ပအပတ်အဖွဲ့များ ပျက်စေ၍အခိုးအာကာသရစေသည့် အပြုအမူ၊ အနေအထိုင်၊ အစားအစာတို့ကို သတိပြုမိဝဲသွားပါက တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ပြုမူနေထိုင်ရန်မှာ ခန္ဓာကိုယ်ပူနွေး၍ အခိုးအာကာသ ရရှိစေရန် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းတစ်ခုခုကို နေ့စဉ် ပုံမှန်ပြုလုပ်ပါ။ အာဟာရမှီဝဲရာမှာလည်း အခိုးအာကာသရစေမည့် ပူ၊ ခါး၊ စပ် အရသာရှိသော ချင်း၊ ငရုတ်ကောင်း၊ ငရုတ်သီး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခွေးတောက်၊ ကြောင်လျှာ၊ ဥသျှစ်၊ ရဲယို၊ နနွင်း၊ ပတဲကော၊ သရက်ကင်း၊ ပျဉ်းတော်သိမ်တို့ကဲ့သို့ ကြေကျက်လွယ်သော အစားအစာများကို စားပါ။ မိုးနှင့်အတူ ရာသီဥတု အုံ့မှိုင်း၍ အအေးဓာတ်လွန်ကဲအားကြီးနေချိန်၌ ရေချိုးခြင်းကို ဆင်ခြင်ရမည် ဖြစ်ပါသည်။ မိုးရာသီ အခါသမယဖြစ်၍ မိုးရာသီကို မရှောင်လွှဲနိုင်ဘဲ မိုးရွာထဲသွားမိ၍ စိုစွတ်လာပါက အမြန်ဆုံး

တိုင်းရင်းဆေးဆရာတစ်ဦး

နွေးထွေးခြောက်သွေ့အောင် ပြုလုပ်ပါ။ အထူးသဖြင့် ဦးခေါင်း၊ ဆံပင်များ စိုစွတ်နေမှုကို အဓိကထား၍ ခြောက်သွေ့အောင် ရေကိုစုပ်ယူနိုင်သော အဝတ်တစ်ခုခုဖြင့် နာနာပွတ်တိုက် သုတ်ပစ်ပါ။ ဤနေရာတွင် သဘာဝကို ဆန့်ကျင်သည့် အခြောက်ခံစက်(Dryer)များ သုံးစွဲခြင်းထက် အမွေးပွပြီး ရေစုပ်ယူမှုအားကောင်းသည့် မျက်နှာသုတ်ပဝါအမျိုးအစားကို သုံးစွဲခြင်းက ကျန်းမာရေးနှင့် ပို၍ညီညွတ်သည်ဟု မြန်မာ့တိုင်းရင်းဆေးပညာရှင်များက သတ်မှတ်ယူဆကြပါသည်။ ပြီးလျှင် နွေးနွေးထွေးထွေးနေပါ။ ရေနွေးကြမ်းပူပူကို မှုတ်၍သောက်ပါ။

တုပ်ကွေးရောဂါမဖြစ်အောင် မှီဝဲသုံးဆောင်ရန် အကောင်းဆုံး မြန်မာ့တိုင်းရင်း ကာကွယ်ဆေးတစ်လက်ကို ဖော်ပြလိုပါသည်။ အလွန်လွယ်ကူနေ၍ အမှန်တကယ် ကာကွယ်နိုင်ပါ့မလားဟု သံသယမဖြစ်စေလိုပါ။ လွယ်ကူသလောက် ထိရောက်စွာ အကျိုးပြုမည့်နည်းဖြစ်ပါသည်။ ပြုလုပ်ရန် ခက်ခဲမှုမရှိသော ပြုတ်ရည် ပူပူလေးတစ်ခွက်သာ ဖြစ်ပါသည်။ ပါဝင်သည့် ပစ္စည်းများမှာ ကွမ်းရွက်၊ ဂျင်း(ချင်း)နှင့် ထန်းလျက်တို့ ဖြစ်ပါသည်။

ပြုတ်ရည်ပြုလုပ်ပုံမှာ ကွမ်းရွက် လူကြီးလက်တွင်းတစ်ဆုပ် (သုံးရွက်)၊ ချင်းစိမ်း လက်တစ်ဆစ်၊ စားထန်းလျက်(အညို) သုံးလုံးတို့ကို ရေသန့် အကြမ်းပန်းကန် သုံးလုံးဖြင့် အိုးသန့်သန့်တစ်လုံးတွင် ဆူအောင်ပြုတ်၍ လူကြီးတစ်ခွက်စာလျှင် အကြမ်းပန်းကန် တစ်လုံးနှုန်းဖြင့်လည်းကောင်း၊ ကလေးတစ်ခွက်စာလျှင် အကြမ်းပန်းကန် တစ်ဝက်နှုန်းဖြင့်လည်းကောင်း တစ်နေ့လျှင် နံနက်၊ ည နှစ်ကြိမ်စီ ထမင်းစားပြီး တစ်နာရီခန့်အကြာတွင် နေ့စဉ်မှန်မှန် သောက်သုံးမှီဝဲနေပါက တုပ်ကွေးရောဂါသာမက အဖျားရောဂါမှန်သမျှကို ထိရောက်စွာ ကြိုတင်ကာကွယ်နိုင်မည် ဖြစ်ပါသည်။

ဆရာလက်သုံး၊ မတဲမြင့်မိုရ်ကုန်း

တုပ်ကွေးရောဂါကို ထိထိရောက်ရောက် ကာကွယ်နိုင်မည့် ပြုတ်ရည်ကို မှီဝဲနေခြင်းအပြင် ပိုမိုကောင်းမွန်အကျိုးရှိစေမည့် ဆေးတစ်လက်ကို တင်ပြလိုပါသည်။ ထိုဆေးကား မြန်မာ့တိုင်းရင်းဆေး ပညာရှင်များအားလုံး မရှိမဖြစ် လက်ကိုင်သုံးစွဲနေကြရသည့် ဆရာလက်သုံး မတဲမြင့်မိုရ်ကုန်းဆေး ဖြစ်ပါသည်။ ရှေးမြန်မာ့ဆေးကျမ်းတစ်ခုဖြစ်သော ဓာတုဝိနိစ္ဆယကျမ်း၌ တြိကတုဋ်သုံးဖြာ ကွက္ကရာ ဆောင်မေး၊ လေးညှင်း၊ ဇာတိပ္ဖိုလ်၊ ထို့ပြင် ပန်းမ၊ ပန်းနုစသည်၊ ကတြသဗျော်၊ ထည့်ပေစမုံနက်၊ မြက်စူလာနဖာ၊ လေးကျပ်သိန္ဓော၊ ရောနှောစီမံ၊ သုံးဆောင်ရန်ကား၊ လေးတန်ဓာတ်ချက်၊ ယွင်းကွက်မညီ၊ ရိဖြူနီကြောင့်၊ ဆီးအောင့်ကျောက်ဖြစ်၊ ရှိတုံလှစ်မူ၊ ညီတူမပျက်၊ ယမ်းစိမ်းစက်၍၊ ထည့်စွက်သံပရာ၊ တိုက်ပါမမှား၊ ဝမ်းမသွားသော်၊ တော်အောင်မန်ကျည်း၊ ရည်ဆောင်ပေးလော့၊ တရေးထိုပြင်၊ ဝမ်းသွားလျှင်မူ၊ ရေနွေးပူကို၊ ဆောင်ယူပေးတိုက်၊ ပန်းမောဟိုက်သော်၊ ရှောက်ရည်တော်၏၊ ဆိုသော်တစ်ရပ်၊ ရင်ဘတ်လေနာ၊ ချင်းရေသာတည်း၊ ဖျားရာလူလည်း၊ ကြောက်ဖွယ်သည်းလျက်၊ ရေကျက်အေးမြ၊ ချွေးကင်ပြန်၊ အော့အန် ချောင်းဆိုး၊ ဆိုရိုးတစ်ချက်၊ ကွမ်းရွက်ရေတိုက်၊ ပိတ်ဝမ်းကိုက်သော်၊ တော်အောင်လင်းနေ၊ ပေးစေအဟုတ်၊ ဆီးချုပ် ဇဝက်သာ၊ ဖျားရာတသီး၊ အပူကြီး၍၊ ကဒီးကရမ်း၊ လူမှန်းမသိ၊ ဤသို့ရှိနေ၊ ပန်းနုရေနှင့်၊ တိုက်လေတုံလတ်၊ သလိပ်ကပ်မျိုး၊ ချောင်းခြောက်ဆိုးတွေ့၊ ရှောက်ရေ ကွမ်းရွက်၊ နှစ်ပါးဖက်လော့၊ တိုက်ချက်မမှား၊ ငှက်ဖျားရက်ချန်၊ ဖြစ်တုံပြန်၍သန္တပ္ပနု၊ ဟူသမျှကို ရှောက်ကအရေ၊ ဆေးမွှေနှောနှောက်၊ ချက်ချင်းပျောက်သည်။ နှောင်သောလူတို့ သုံးစေဖို့ဟူ၍ မတဲမြင့်မိုရ်ကုန်းဆေး၏ အသုံးတည့်ပုံ အစွမ်းထက်မြက်ပုံတို့ကို စာတစ်စောင်ပေတစ်ဖွဲ့ ရေးသားချီးမွမ်းခဲ့ကြပေသည်။ ဆေးနည်းမှာ–

၁။	တြိကတုဋ်သုံးပါး (ငရုတ်ကောင်း၊ ပိတ်ချင်းသီး၊ချင်းခြောက်)	၁ ကျပ်သားစီ
၂။	ကွက္ကရာ	၁ ကျပ်သား
၃။	ဆောင်မေးခါး	၁ ကျပ်သား
၄။	လေးညှင်း	၁ ကျပ်သား
၅။	ဇာတိပ္ဖိုလ်သီး	၁ ကျပ်သား
၆။	ပန်းမ	၁ ကျပ်သား
၇။	ပန်းနု	၁ ကျပ်သား
၈။	ကတြသဗျော်	၁ ကျပ်သား
၉။	စမုံနက်	၁ ကျပ်သား
၁၀။	စူလာနဖာ	၁ ကျပ်သား
၁၁။	သိန္ဓော	၁၆ ကျပ်သား
	စုစုပေါင်း	၂၈ ကျပ်သား

ဆေး၏အရသာမှာ ပူ၊ ခါး၊ ငန်၊ စပ်ဖြစ်ပြီး ဆေးသုံးလင်္ကာတွင် ဖော်ပြထားသည့်အတိုင်း အဖျားရောဂါအမျိုးမျိုးကို နိုင်နင်းကြောင်း ရှေးမြန်မာ့တိုင်းရင်းဆေးပညာရှင်များမှသည် ယနေ့ခေတ် မြန်မာ့တိုင်းရင်းဆေးပညာရှင်များအထိ လက်ခံနေကြသည်ကို လေ့လာသိရှိရပါသည်။

မတဲမြင့်မိုရ်ကုန်းဆေးကို ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနလက်အောက်ရှိ ပြည်နယ်၊ တိုင်းအသီးသီး၌ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဖွင့်လှစ်ထားသော တိုင်းရင်းဆေးရုံများနှင့် တိုင်းရင်းဆေးကုဌာနများတွင် ရရှိနိုင်ပါသည်။ မတဲမြင့်မိုရ်ကုန်းဆေးကို ဆေးမှုန့်အဖြစ်ရော ဆေးပြားအဖြစ်ပါ ထုတ်လုပ်ပါသည်။

ဆေးသောက်ရန် အညွှန်းမှာ လူကြီးတစ်ခွက်စာလျှင် လေးပြား၊ ကလေး တစ်ခွက်စာလျှင် နှစ်ပြားနှုန်းဖြင့် အထက်က ဖော်ပြခဲ့သည့် ပြုတ်ရည်နှင့် တွဲဖက်သောက်သုံးနိုင်ပါသည်။

သို့ဖြစ်ပါ၍ **လောက၌ ရောဂါဟူသည် အကြီးဆုံးသောအန္တရာယ်၊ ကျန်းမာခြင်းဟူသည် အကြီးဆုံးသောလာဘ်ကြီးအဖြစ် နားလည်မှတ်ယူပြီးလျှင် ရောဂါကို ကာကွယ်၊ ကျန်းမာရေးကို ရယူနိုင်ရေး အလေးဂရုပြု စောင့်ရှောက်ရာတွင် အနာနှင့်ဆေး သင့်အောင်ပေး၊ ပျောက်ရေးမခက်ပါ ဟူသောဆိုရိုးနှင့်အညီ မိမိတို့၏ ရေမြေသဘာဝတွင် ဖြစ်ပေါ်လျက်ရှိသော သဘာဝဆေးဖက်ဝင်ပစ္စည်းများနှင့် မိမိပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှုပေးရန် ရည်ရွယ်**၍ အလွယ်တကူရရှိနိုင်ပြီး အစွမ်းထက်မြက်လှသည့် ဆေးစွမ်းကောင်းတစ်လက်ကို ဖော်ပြပါအတိုင်း လိုက်နာကျင့်သုံးနေထိုင်ကြခြင်းဖြင့် တုပ်ကွေးရောဂါကို ကာကွယ်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> **လောက၌ ရောဂါဟူသည် အကြီးဆုံးသောအန္တရာယ်၊ ကျန်းမာခြင်းဟူသည် အကြီးဆုံးသော လာဘ်ကြီးအဖြစ် နားလည်မှတ်ယူပြီးလျှင် ရောဂါကိုကာကွယ်၊ ကျန်းမာရေးကို ရယူနိုင်ရေး အလေးဂရုပြု စောင့်ရှောက်ရာတွင် အနာနှင့်ဆေး သင့်အောင်ပေး၊ ပျောက်ရေးမခက်ပါ ဟူသော ဆိုရိုးနှင့်အညီ မိမိတို့၏ ရေမြေသဘာဝတွင် ဖြစ်ပေါ်လျက်ရှိသော သဘာဝဆေးဖက်ဝင်ပစ္စည်းများနှင့် မိမိပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ရည်ရွယ်။**

ခြံစည်းရိုးကြက်ဆူစိုက်ခင်းများ ရေဝပ်မှုမရှိရန်စီမံ

သီးပွင့်အားတိုးဆေးနှင့် ပိုးသတ်ဆေးများ စနစ်တကျပက်ဖျန်း

ရာသီအလိုက်ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးရန်မြေယာပြုပြင်

ရန်ကုန် အောက်တိုဘာ ၉

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပုနှင့် ကော်မတီဝင်များ၊ ဌာနမှူးများလိုက်ပါလျက် စက်တင်ဘာ ၁၉ ရက် ညနေ ၄ နာရီက ပုသိမ်ကြီးမြို့နယ် သမ္မတောကျေးရွာအုပ်စုတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန စပါးစိုက်ခင်း၌ မနောသုခမိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းမှုအခြေအနေ၊ ရေတံခွန်တောင်ဒေသရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအမှတ်(၁)အတွင်း ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အခြေအနေတို့ကို ကွင်းဆင်းလှည့်လည် ကြည့်ရှုစစ်ဆေးသည်။

လိုက်လံကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဖြတ် လမ်းဘေးရှိ သမ္မတောကျေးရွာအုပ်စုတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန မိုးစပါးစိုက်ခင်းသို့ ရောက်ရှိပြီး စိုက်ကွက်ဧက ၅၀ တွင် မနောသုခမိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ရေတံခွန်တောင်ဒေသ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအမှတ်(၁)သို့ ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူပျိုးခြံများအတွင်း ပျိုးထောင်ထားရှိသော ကြက်ဆူပျိုးပင်များ ရှင်သန်ကြီးထွားမှုအခြေအနေနှင့် ဧက၂၀ရှိ ခြံစည်းရိုးကြက်ဆူ စိုက်ခင်းများအတွင်း ရေဝပ်မှုကြောင့် စိုက်ပျိုးပြီး ကြက်ဆူပင်များ ဆုံးရှုံးပျက်စီးမှု မရှိစေရေးအတွက် ရေထုတ်မြောင်းများ တူးဖော်နေမှုအခြေအနေများကိုလည်းကောင်း၊ ကြက်ဆူစိုက်ခင်းများအတွင်း၌ သီးညှပ်စိုက်ပျိုးထားရှိသည့် ပဲတီစိမ်းပင်များ စိုက်ပျိုးရှင်သန်ကြီးထွားမှုနှင့် ကြက်ဆူပင်များ သီးပွင့်ရှင်သန်ကြီးထွားမှု အခြေအနေများကိုလည်းကောင်း၊ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပျားလိမ္မော်စိုက်ခင်းအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဝက်မွေးမြူရေးခြံများ တိုးချဲ့တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဝက်မွေးမြူရေးခြံများအတွင်းရှိ(Large White) ဝက်ကြီး၊ ဝက်လတ်၊ ဝက်သားပေါက်လေးများ မွေးမြူကြီးထွားမှုနှင့် ကျန်းမာရေးအခြေအနေများကိုလည်းကောင်း၊ ငါးမွေးမြူရေးကန်များနှင့် ငါးဆေးထိုးသားဖောက်လုပ်ငန်းများအခြေအနေကိုလည်းကောင်း၊ (Japfa) အသားတိုးကြက်မွေးမြူရေးခြံများအတွင်း အသားတိုးကြက်များ မွေးမြူထားရှိမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထိုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က ခြံစည်းရိုးကြက်ဆူစိုက်ခင်းများအတွင်း ရေဝပ်မှုများကြောင့် အလေအလွင့် အပျက်အစီး မရှိစေရေးအတွက် စီမံဆောင်ရွက်သွားရန်၊ သီးပွင့်အားတိုးဆေးများ၊ ပိုးသတ်ဆေးများ စနစ်တကျပက်ဖျန်း ဆောင်ရွက်သွားရန်နှင့် ရာသီအလိုက် ဟင်းသီးဟင်းရွက် သီးနှံပင်များ စိုက်ပျိုးရန်အတွက် မြေယာပြုပြင်မှုများ စီမံဆောင်ရွက်သွားရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူးနှင့် ခြံတာဝန်ခံများအား မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ကြီး၏ ထီးတော်အတွက်ငွေကျပ် တစ်သိန်းကို အကြိပေး ပုဂ္ဂိုလ် ဦးအံ့မောင်နှင့်ဇနီး အဂ္ဂမဟာသီရိ သုဓမ္မ သိင်္ဂီ ဒေါ်တင်တင်ဝင်းတို့ အား အမှူးထား၍ သားသမီးများ ဖြစ်ကြသော နက်ပ်ကျွန်းကုမ္ပဏီမှ ဒုတိယ အင်ဂျင်နီယာ ဦးထိုက်သူ–ဒေါ်မေသက်ထွန်းတို့ကလှူဒါန်းရာ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ဝင် ဦးလှမင်း၊ ဦးစိန်ဦးနှင့် ဦးသိန်းဦးတို့က အလှူငွေများကို လက်ခံယူစဉ်။ (က–ပ)

ကျေးရွာတိုင်း ရေကောင်းရေသန့်ရရှိရေး၊ ယင်လုံအိမ်သာသုံးစွဲရေးဆောင်ရွက်

ငှက်ဖျား၊ တီဘီနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တိုက်ဖျက်

ကျန်းမာရေး ပညာပေးလုပ်ငန်း ဆောင်ရွက်ရာ၌ ပြည်သူများ ပါဝင်

နေပြည်တော် အောက်တိုဘာ ၉

အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးသည် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် စက်တင်ဘာ ၂၉ရက်က မိတ္ထီလာခရိုင် မိတ္ထီလာပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံ၏ ပြင်ပလူနာဆောင် ခွဲစိတ်ခန်း၊ သွားရောဂါကုသရေးဌာန၊ လူနာဆောင်များနှင့် ကလေးအထူးကုသဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

အဓိကဆောင်ရွက်

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဆေးရုံအစည်းအဝေးခန်းမ၌ ခရိုင်ကျန်းမာရေးကော်မတီဝင်များ၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတော်၏ လူဦးရေအများစု နေထိုင်လျက်ရှိသည့် ကျေးလက်ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ပေးရန်၊ ကျေးလက်ဒေသများ၌ မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို မီးမဖွားမီ၊ မီးဖွားစဉ်နှင့် မီးဖွားပြီးကာလများတွင် ကျွမ်းကျင်သောကျန်းမာရေး ဝန်ထမ်းများနှင့် ရာနှုန်းပြည့် ကျန်းမာရေး စောင့်ရှောက်မှုရယူရန်၊ မွေးကင်းစ ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်ရန် မှာကြားသည်။

ပြည်သူများကိုယ်တိုင်ပါဝင်

ထို့နောက် ဒုတိယဝန်ကြီးသည် မလှိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံ၏ သားဖွားခန်းနှင့် မီးယပ်ကုသဆောင်၊ လူနာဆောင်များ၊ သွားကျန်းမာရေးဌာန၊ ကာကွယ်ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့် ဆေးသိုလှောင်ရေးဌာနများကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအစည်းအဝေး ခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဆရာဝန်များ၊ ဆေးရုံဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ကျေးရွာတိုင်း ရေကောင်းရေသန့်ရရှိရေးနှင့် ရာနှုန်းပြည့် ယင်လုံအိမ်သာ သုံးစွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါများကို ကာကွယ်တိုက်ဖျက်ရန်၊ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရန် မှာကြားသည်။

လိုအပ်သည်များဖြည့်ဆည်းပေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်သာပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဆရာဝန်များ၊ ဆေးရုံဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံမှာကြားပြီး ဆေးရုံ၏ သားဖွားခန်း၊လူနာဆောင်များ၊ ခွဲစိတ်ခန်းနှင့် ဓာတ်မှန်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြင်းခြံခရိုင်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ ခရိုင်ကျန်းမာရေးကော်မတီဝင်များ၊ အထူးကု ဆရာဝန်များ၊ လက်ထောက် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ကျန်းမာရေးနှင့် ညီညွတ်သော မြို့ဖြစ်ပေါ်လာရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်အဖြစ် ဆောင်ရွက်ရန်၊ ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်း၊ အိမ်၊ဈေးများ ဖြစ်လာအောင် ဝိုင်းဝန်းဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နွားထိုးကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဆရာဝန်များ၊ ဆေးရုံဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပီပြင်စွာ အကောင်အထည်ဖော်မြှင့်တင်နိုင်ရေး မှာကြားပြီး ဆေးရုံ၏ သားဖွားခန်း၊ လူနာဆောင်များ၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ပုသိမ်မြို့၌ ဂုဏဝိသိဋ္ဌပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၉

ဧရာဝတီတိုင်း ပုသိမ်မြို့ ဝေဠုဝန်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဧရာဝတီတိုင်း သံဃနာယကဥက္ကဋ္ဌ(ဝေဠုဝန်ဂိုဏ်း) ဝေဠုဝန်နိကာယ ဂဏာဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနာဂဝံသ (ဂျပန်သာသနာပြု) ဆရာတော်ကြီးအား ဂုဏဝိသိဋ္ဌပူဇော်ပွဲကို နတ်တော်လပြည့်ကျော် ၁၃ ရက် (ဒီဇင်ဘာ ၁၇ ရက်) တနင်္ဂနွေနေ့ မွန်းလွဲ၁နာရီတွင် ပုသိမ်မြို့ ဝေဠုဝန်ကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပပူဇော်မည်ဖြစ်သည်။

ဓမ္မပူဇာညတရားပွဲများကို ဒီဇင်ဘာ ၁၅၊ ၁၆ နှင့် ၁၇ ရက်တို့တွင် သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများ ဦးချစ်လှိုင် ဖုန်း–၀၄၂–၂၅၂၉၈ ရွှေမုဋ္ဌောစေတီ ဂေါပကရုံး ပုသိမ်မြို့၊ ဦးခင်မောင် ဖုန်း–၀၄၂–၂၅၀၉၅ အမှတ် ၅၅၇ စကားဝါလမ်း ပုသိမ်မြို့၊ ဦးစိုးပိုင် ဖုန်း–၀၄၂–၂၄၄၇၂ အမှတ် ၂၈ မရမ်းချိုလမ်း ပုသိမ်မြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

စပေါင်းသွေးလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၆ခုနှစ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဇီဝိတဒါန သွေးလှူရှင်များက ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ ဆေးဝါးကုသမှုခံယူ နေကြသော လူနာများအတွက် (၁၄)ကြိမ်မြောက် စပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့ နံနက်၉ နာရီက ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)တိုးချဲ့ဆောင်သစ်ကြီး၌ ကျင်းပသည်။ **(အောက်ပုံ)**



ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာ တာဝန်ခံ ဦးအောင်မြင့်က သွေးလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) ရောဂါဗေဒ ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်ရွှေမာက သွေးလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ သိကောင်းစရာများကို ရှင်းလင်း ပြောကြားသည်။

ဂုဏ်ပြုလွှာပေးအပ်

ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာဦးရွှေအိုးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင် ပစ္စည်းများ ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ သွေးလှူဒါန်းပွဲတွင် သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက်(၁၂)ခုမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၁၀၀တို့က စပေါင်းသွေးလှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်ဖက်သောမိဘများအား အမှူးထား၍ အမှတ်၈၁ ၉၃လမ်း ကန်တော်ကလေး မင်္ဂလာတောင်ညွန့်မြို့နယ်နေ ကိုညီညီစိုး–မမီမီစံ၊ သမီး သင်းဝတီစိုးမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းတစ်သောင်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးသိန်းအောင် လက်ခံယူစဉ်။
(က–ပ)

ရုရှားဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ ဗာလုဗ် စိန်ခေါ်သူ ဘားရက်အား အလဲထိုးပြီး သရဖူကာကွယ်

ရေးသားတင်ပြသူ
မြင့်မောင်စိုး

နယူးယောက် အောက်တိုဘာ ၉

ရုရှားနိုင်ငံ ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ နီကိုလေးဗာလုဗ်သည် စိန်ခေါ်သူ အမေရိကန်သား ဘားရက်အား ၁၁ ချီတွင် အလဲထိုးပြီး သူ၏ ဒဗလျူဘီအေ ဟဲဗီးဝိတ်ချန်ပီယံသရဖူကို ကာကွယ်နိုင်ခဲ့သည်။

ဘားရက်၏ နည်းပြက ပြိုင်ပွဲ ထိုးသတ်မှု မရပ်ဆိုင်းမီ အသက် ၃၃ နှစ်ရှိ ဗာလုဗ်က နှစ်ကြိမ်တိုင် အလဲထိုးချနိုင်ခဲ့သည်။

ဆက်လက်ထိုးသတ်

ယင်းတို့နှစ်ဦးသည် ချန်ပီယံခါးပတ် ပိုင်ဆိုင်ရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ ရှစ်ချီအရောက်တွင်ဘားရက်အလဲထိုးခံလိုက်ရသည်။ သို့သော်လည်း ဆက်လက်ထိုးသတ်ခဲ့ကြသည်။

သရဖူကာကွယ်

၁၁ချီအရောက်တွင် ဗာလုဗ်က ဘားရက်အား နောက်တစ်ကြိမ် အလဲထိုးချလိုက်ပြန်သည်။ ၎င်းအချီတွင် ဗာလုဗ်၏ ပြင်းထန်သော လက်သီးချက်ကြောင့် အတန်ကြာအောင် မထနိုင်ဘဲရှိသည်။ ဒိုင်လူကြီးက နှစ်မိနစ်နှင့် ၁၂စက္ကန့် ကြာအောင် အမှတ်ရေတွက်သော်လည်း ပြန်မထနိုင်ခဲ့၍ ဗာလုဗ်အလဲထိုးဖြင့် အမေရိကန်သားအား အနိုင်ရရှိကာ ဟဲဗီးဝိတ်ချန်ပီယံသရဖူကိုကာကွယ်လိုက်သည်။ အသက် ၃၃နှစ်ရှိ ဗာလုဗ်သည် ဇွန်ရှစ်ဇ်ထံမှ သရဖူကာကွယ်ထားသူ ဖြစ်သည်။ ၎င်းသည် ၄၅ပွဲထိုးသတ်ရာတွင် ရှုံးပွဲမရှိ ထိုးသတ်နိုင်ခဲ့ပြီး ၃၃ပွဲမှာ အလဲထိုးပွဲဖြစ်သည်။ **(အင်တာနက်)**

ရှစ်ချီမြောက်တွင် ဗာလုဗ်က ဘားရက်အား ဤသို့ အလဲထိုးချခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ယူရိုခြေစစ်ပွဲ၌ဒဏ်ရာရခဲ့သည့် ဒတ်ကွတ် လီဗာပူးအသင်းအတွက် နစ်နာမှုဖြစ်နိုင်

ပရီမီယာလိဂ်ပွဲများကစားရန်အတွက် စိတ်ရှည်စွာ စောင့်ဆိုင်းရမည့် လီဗာပူးတိုက်စစ်မှူး ဒတ်ကွတ်။

(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် အောက်တိုဘာ ၉

လီဗာပူးအသင်းသည် ယူရို၂၀၀၈ခြေစစ်ပွဲတွင် ၎င်း၏ တိုက်စစ်မှူး ဒတ်ကွတ်မှာ နယ်သာလန်အသင်းနှင့် ဘူလ်ဂေးရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားစဉ် နယ်သာလန် အသင်းမှ ပါဝင်ကစားရာ ဒဏ်ရာရခဲ့သဖြင့် ပရီမီယာလိဂ်ပွဲများကစားရန်အတွက် စိတ်ရှည်စွာ စောင့်ဆိုင်းရလိမ့်မည်ဟု ဆိုသည်။

အသက်၂၆နှစ်ရှိ တိုက်စစ်မှူးဒတ်ကွတ်သည် အဆိုပါ ပြိုင်ပွဲတွင် ၁၆မိနစ်သာကစားခဲ့ရပြီး နောက်ခြေချင်းဝတ် ဒဏ်ရာရခဲ့၍ ပြိုင်ပွဲမှထွက်ခဲ့သည်။ ၎င်းဒဏ်ရာ ရထား၍ နယ်သာလန် နည်းပြ မာကိုဗန်ဘက်စတင်ကာ အောက်တိုဘာ ၁၁ရက်တွင် အယ်လ်ဘေးနီးယားနှင့် ကစားမည့်ပွဲအတွက် စိုးရိမ်ပူပန်နေမိသည်။ လီဗာပူးအသင်းသည်လည်း အောက်တိုဘာ ၁၄ရက်တွင် ဘလက်ဘန်းနှင့်ယှဉ်ပြိုင်ကစားရန် ဒတ်ကွတ် အချိန်မီပြန်ကောင်းရေးမျှော်လင့်ထားသည်။ ဒတ်ကွတ်သည် ဩဂုတ်လက ဖီယင်နူအသင်းမှပေါင်၁၀သန်းဖြင့် လီဗာပူးသို့ပြောင်းရွှေ့ခဲ့ရာ ခြောက်ပွဲကစားရာတွင် နှစ်ဂိုးသွင်းပေးထားသူဖြစ်သည်။ **(အင်တာနက်)**

ဝက်စ်ဟမ်းမှထွက်ခွာရန် မစဉ်းစား ကားလို့စ်တီဗက်ဇ် အခိုင်အမာပြောကြား

အသင်းလိုက်ကောင်းအောင်ကစားမှ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်းကို ရှင်းလင်းပြောကြားသွားသော အာဂျင်တီးနား တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်။

(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် အောက်တိုဘာ ၉

ဝက်စ်ဟမ်းရောက် ကားလို့စ် တီဗက်ဇ်သည် အပ်တွန်ပတ်ခ်၌ မပျော်သော်လည်း ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာရန် မစဉ်းစားကြောင်း ၎င်းက အခိုင်အမာ ပြောကြားလိုက်သည်။



ရန်းကန်ကြိုးစား

အာဂျင်တီးနားကစားသမားများဖြစ်ကြသည့် တီဗက်ဇ်နှင့် မာရှေယာနိုတို့သည် ဝက်စ်ဟမ်းတို့ရောက်လာပြီးနောက် တစ်ပွဲမျှအနိုင်မရဘဲ ရုန်းကန်ကြိုးစားနေကြရသည်။

မိမိသည် ဝက်စ်ဟမ်းတွင် ကာလရှည်ကစားသွားရန် ဆုံးဖြတ်ထားကြောင်း၊ အာဂျင်တီးနားအသင်းနည်းပြ အယ်ဖီယိုဘာဆေးက ဝက်စ်ဟမ်းမှ ထွက်ခွာရန် တိုက်တွန်းသော်လည်း ဝက်စ်ဟမ်း၌သာ ကစားရန်ဆုံးဖြတ်ထားပြီဖြစ်ကြောင်း တီဗက်ဇ်က ပြောကြားသည်။ ဘောလုံးသည် တင်းနစ်ကဲ့သို့ တစ်ဦးကောင်း တစ်ယောက်ကောင်း ကစားရသည့် အားကစားမဟုတ်ကြောင်း၊ အသင်းလိုက်ကောင်းအောင်ကစားမှ အောင်မြင်မှုရရှိနိုင်ကြောင်း တီဗက်ဇ်က ရှင်းလင်းပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့တစ်လွှား အားကစား

ရွန်နေကိုဖိအားမပေးသင့် အင်္ဂလန်အသင်းခေါင်းဆောင်တယ်ရီပြောကြား

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် အောက်တိုဘာ ၉

မန်ယူလူငယ်တိုက်စစ်မှူး ရွန်နေသည် အကောင်းဆုံးအနေအထားဖြင့် အင်္ဂလန်အသင်းတွင် ပါဝင်ကစားလိမ့်မည်ဖြစ်ကြောင်း အင်္ဂလန်အသင်းခေါင်းဆောင် ဂျွန်တယ်ရီက ပြောကြားလိုက်သည်။



လူငယ်တိုက်စစ်မှူး ရွန်နေ။



အသင်းခေါင်းဆောင် ဂျွန်တယ်ရီ။

ပါဝင်ကစားမည်

အသက် ၂၀သာ ရှိသေးသော ရွန်နေအပေါ် ဖိအားများ အလွန်အကျွံ မပေးရန် ဂျွန်တယ်ရီက ပြောကြားသည်။ အင်္ဂလန်အသင်းသည် ခရိုအေးရှားနှင့် လာမည့်အောက်တိုဘာ ၁၁ရက်၌ ယူရို ၂၀၀၈ ခြေစစ်ပွဲကစားရန်ရှိနေပြီး ထိုပွဲ၌ ရွန်နေပါဝင်ကစားမည်ဖြစ်သည်။

ရွန်နေသည် ယခုနှစ် ဩဂုတ်လကတည်းက မန်ယူအတွက်ဂိုးများ သွင်းယူမပေးနိုင်ဘဲရှိနေသည်။ အင်္ဂလန်အသင်းအတွက် ၃၃ပွဲ ကစားပေးထားပြီး ၁၁ဂိုး သွင်းယူပေးထားသည်။

ဖြစ်လာမည်

ရွန်နေသည် အဆင့်မြင့် ဘောလုံးသမားတစ်ဦးဖြစ်ပြီး အင်္ဂလန်အသင်းအတွက် ပွဲတိုင်းဂိုးသွင်းပေးနိုင်မည့် တိုက်စစ်မှူးတစ်ဦး ဖြစ်လာမည်ဟု အင်္ဂလန်အသင်းခေါင်းဆောင် ဂျွန်တယ်ရီက ပြောကြားသည်။ **(အင်တာနက်)**

ခရိုအေးရှားနှင့်ပွဲ၌ ဖာဒီနန် ပြန်ကစားဖွယ်ရှိ



အင်္ဂလန် အသင်းနောက်တန်းခံစစ်မှူး ဖာဒီနန်။

လန်ဒန် အောက်တိုဘာ ၉

မန်ယူနောက်ခံလူနှင့် အင်္ဂလန် အသင်းနောက်တန်းခံစစ်မှူးလည်း ဖြစ်သည့် ဖာဒီနန်သည် ဒဏ်ရာသက်သာလာပြီဖြစ်သဖြင့် အောက်တိုဘာ ၁၁ရက်၌ ခရိုအေးရှားအသင်းနှင့် ယူရို၂၀၀၈ ခြေစစ်ပွဲကစားမည့်ပွဲ၌ ပါဝင်ကစားဖွယ်ရှိသည်။

ပြန်လည်ကစားဖွယ်

အောက်တိုဘာ ၇ရက်က ယူရို ၂၀၀၈ ခြေစစ်ပွဲအဖြစ် မက်စီဒိုးနီးယားနှင့် သရေကျခဲ့သည့်ပွဲတွင် ဖာဒီနန်မပါဝင်ခဲ့ချေ။ ဆေးစစ်ချက်အရ ဘောလုံးလေ့ကျင့်ခွင့်ကို ခွင့်ပြုပေးလိုက်ပြီဖြစ်ရာ ခရိုအေးရှားနှင့်ပွဲတွင် ဖာဒီနန်ပြန်လည်ကစားဖွယ်ရှိသည်။

အင်္ဂလန်နည်းပြ မက်ကလာရင်က အောက်တိုဘာ၁၁ရက်၌ ခရိုအေးရှားအသင်းနှင့် ကစားမည့် လူစာရင်းကို ထုတ်ပြန်မည်ဖြစ်သည်။ ဖာဒီနန် ကြံ့ခိုင်မှုပြည့်ဝလျှင် ကစားခွင့်ပြုမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး ကီလိုမီတာ ၂၀ အပြေးပြိုင်ပွဲ၌ ကင်ညာအပြေးမယ်ချန်ပီယံ

ဒီဘရီဆင် အောက်တိုဘာ ၉

ဟန်ဂေရီနိုင်ငံ ဒီဘရီဆင်မြို့တွင် အောက်တိုဘာ ၈ ရက်က ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသမီးကီလိုမီတာ၂၀ အပြေးပြိုင်ပွဲ၌ ကင်ညာအပြေးမယ် လောရင့်ကစ်လာဂတ်က ၆၂ မိနစ် ၁၆ စက္ကန့်ဖြင့် ကမ္ဘာ့ချန်ပီယံဆုရရှိနိုင်ခဲ့သည်။

ကမ္ဘာ့ချန်ပီယံ

အမျိုးသမီးကီလိုမီတာ ၂၀ အပြေးပြိုင်ပွဲ၌ လွန်ခဲ့သည့် ငါးနှစ်ခန့်က နယ်သာလန် အပြေးမယ် ရက်ကလီဖီ တင်ထားခဲ့သော ၆၂မိနစ် ၂၁စက္ကန့်ကို ငါးစက္ကန့်လျှော့၍ ပြေးကာ ကမ္ဘာ့ချန်ပီယံဆုရယူလိုက်နိုင်ခြင်းဖြစ်သည်။

ရိုမေးနီးယားအပြေးမယ် တိုမက်ကူဒီတာက ၆၃မိနစ် ၂၃စက္ကန့်ဖြင့် ဒုတိယရရှိခဲ့သည်။

တတိယရရှိ

ကင်ညာနိုင်ငံမှ အပြေးမယ် ရီတာဂျက်တူးက ၆၃မိနစ် ၄၇စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ **(အင်တာနက်)**

ကင်ညာအပြေးမယ် လောရင့်ကစ်လာဂတ်၏ ပြေးလွှားကစားဟန်။

တတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် အထူးတရားပွဲ

‘သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား’ ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာအကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် ရည်စိတ်သန်၍- ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် တစ်ဖက်ပါအစီအစဉ်အတိုင်း အထူးတရားပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရားဦးထိပ်ထား၍ တရားနာကြွရောက်ပါရန် ကောင်းမြတ်သောမနသီ၊ ရွှင်ကြည်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်	အထူးတရားပွဲအစီအစဉ်
တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာအကျော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယော)ဆရာတော်	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် အင်္ဂါနေ့ (၁၀-၁၀-၂၀၀၆)	**ကျင်းပမည့်နေ့ရက်** ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့ ၂၀၀၆ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှ ၁၄ ရက်နေ့အထိ **ကျင်းပမည့်နေရာ** မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိ တန်ဆောင်းတော်ကြီး ကျောင်းကြီးတိုက် ကျောင်းကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်။ **ကျင်းပမည့်အချိန်** ညစဉ်(၇း၀၀)နာရီ
တိပိဋက ပါဠိပါရဂူ ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ-ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ဗုဒ္ဓဟူးနေ့ (၁၁-၁၀-၂၀၀၆)	
စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင် ဓမ္မကထိက ဗဟုဇန ဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် ကြာသပတေးနေ့ (၁၂-၁၀-၂၀၀၆)	
ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်)	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက် သောကြာနေ့ (၁၃-၁၀-၂၀၀၆)	
စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt), Ph.D	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် စနေနေ့ (၁၄-၁၀-၂၀၀၆)	

ပန်းတစ်ပွင့်တောင်စေတီတော်များ ဆီမီး၊ နံ့သာ ၉၉၀၀ စီပူဇော် စာကြည့်တိုက်အုတ်မြစ်ချ မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၉

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေရှိ ပန်းတစ်ပွင့်တောင်စေတီတော်များအား ဆီမီး၊ နံ့သာ(၉၉၀၀)စီ ပူဇော်ပွဲ၊ ရွှေကျောင်းကြီး ရေစက်ချပွဲ၊ “ဘဝငြိမ်းချမ်းရေး” စာကြည့်တိုက်ပန္နက်တော်တင်အုတ်မြစ်ချ မင်္ဂလာအခမ်းအနား၊ ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ ပဓာနနာယကချုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရအား စုပေါင်းသိင်္ကန်ထပ်ပွဲနှင့် ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀အဖွဲ့ အင်းစိန်မြို့နယ်က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ပွဲတို့ကို အောက်တိုဘာ၆ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် အဆိုပါသာသနာ့နယ်မြေ၌ ကျင်းပသည်။ ရှေးဦးစွာ ပန်းတစ်ပွင့်တောင် ဆရာတော်အမှူးပြုသော သံဃာတော်များက ဦးရွှေ-ဒေါ်ကြင်သန်း မိသားစု၏ ငွေကျပ် ၄၅သိန်း အကုန်အကျခံဆောက်လုပ်ထားသော ရွှေကျောင်းကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ဓမ္မသုခဗိမာန် အပေါ်ထပ်၌ ပန်းတစ်ပွင့်တောင် ဆရာတော်အား တပည့်ဒါယကာ၊ ဒါယိကာမများက ကံဆင့်သိင်္ကန် ထပ်အတွက် ပရိက္ခရာရှစ်ပါးနှင့် ပန္နက်တော်များ၊ ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်များကို ဆက်ကပ်ကြပြီး ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (အထက်တန်း)ကျောင်းရှေ့၌ဗိုလ်မှူးကြီး စိန်ထွန်း(ငြိမ်း) မိသားစုက လှူဒါန်းသည့် ငွေကျပ်၆၃သိန်း အကုန်အကျခံဆောက်လုပ်မည့် “ဘဝငြိမ်းချမ်းရေး” စာကြည့်တိုက်ကို ပန်းတစ်ပွင့်တောင်ဆရာတော်က ပန္နက်တော်တင်ပေးကာ ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်များကို အုတ်မြစ်စီပေးတော်မူသည်။

ရေစက်သွန်းချ

ဆက်လက်၍ မင်္ဂလာသိမ်တော်၌ ပန်းတစ်ပွင့်တောင်ဆရာတော်အား အလှူရှင်တပည့်ဒါယကာ၊ ဒါယိကာမ ၄၅ဦးတို့က စုပေါင်းသိင်္ကန်ထပ်ကြကာ လှူဖွယ်ပစ္စည်းများကိုလောင်းလှူကြပြီး စုပေါင်းရေစက်ချပွဲနှင့် စာအုပ်များလှူဒါန်းပွဲကို ဓမ္မသုခဗိမာန်တော်၌ ဆက်လက်ကျင်းပရာ ရွှေပြည်သာမြို့နယ် အမှတ်(၈)ရပ်ကွက်နေ ဒေါ်ငယ်က ငွေကျပ်တစ်သိန်းငါးသောင်း တန်ဖိုးရှိ မဂ္ဂဇင်းစာအုပ်မျိုးစုံ အုပ်ရေ ၅၀၀ ကျော်ကို စာကြည့်တိုက်အတွက် ဆရာတော်ထံ ပေးအပ်လှူဒါန်း၍ ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ အင်းစိန်မြို့နယ် ဩဝါဒါစရိယ ပန်းတစ်ပွင့်တောင် ဆရာတော်အား ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀ အဖွဲ့ အင်းစိန်မြို့နယ်က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ထေရာဝါသမဥ္စရီ ဆရာတော်စံကျောင်းတော်၌ ကျင်းပရာ အဖွဲ့နာယက ဦးစိုးဝင်း (စဉ့်ကူစိုးဝင်း)က လှူဒါန်းရခြင်းကို လျှောက်ထား၍ ဆွမ်းဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို အဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးအောင်နိုင်ဦး၊ ဦးကြည်စိုးနှင့် ဦးအုန်းကျော်တို့က ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ထံမှရေစက်ချတရားကို နာယူကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ကပ်လှူပူဇော်

ညပိုင်းတွင် ပန်းတစ်ပွင့်တောင် တောရ သာသနာ့နယ်မြေရှိ ရှေးဟောင်းစေတီတော်များနှင့် နဂါးရုံဘုရားရုပ်ပွားတော်မြတ်တို့အား ပန်းတစ်ပွင့်တောင် ဆရာတော်၊ အလှူရှင် ဒေါ်တင်တင်ဝင်း၊ အဖွဲ့ နာယကနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေသခံ ဝါးပတော၊ လက်ပံတန်းစု၊ ဝါးနက်ချောင်းနှင့် အင်းဂံကျေးရွာတို့မှ မိသားစုများက ဆီမီး၊ နံ့သာ ၉၉၀၀စီတို့ဖြင့် ကပ်လှူပူဇော်ကြသည်။ **(အပေါ်ပုံ)**

ဖျော်ဖြေတင်ဆက်

ထို့နောက် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (အထက်တန်း)မှ ကျောင်းသားကျောင်းသူများက ပဒေသာကပွဲဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပဲခူးအသင်း(ရန်ကုန်) ဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၉

ပဲခူးအသင်း(ရန်ကုန်)၏ (၁၇)ကြိမ်မြောက် မိသားစု မဟာဘုံကထိန် အလှူပွဲကို အောက်တိုဘာ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးလမ်း အောင်ဆန်းကွင်း မြောက်ဘက်တန်း (၁၀/၁၁) ဒုတိယထပ်ရှိ ပဲခူးအသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများ ဦးညွန့်ဇော် (ဥက္ကဋ္ဌ) ဖုန်း-၀၁-၅၃၆၄၆၄၊ ဦးအေးမောင်(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၀၁-၅၁၁၈၀၉၊ ဦးဟန်ကြူ(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၁-၅၀၄၈၇၃၊ ၀၉-၅၁-၂၀၂၃၇၊ ဦးဝင်းမြင့်(အတွင်းရေးမှူး) ဖုန်း-၀၁-၂၉၂၅၃၆၊ (အိမ်) ၀၁-၅၈၀၀၃၂၊ ဦးတင်ထွဋ် (အမှုဆောင်) ပဲခူးဈေးကြီး ဆန်လှူအသင်း ဖုန်း-၀၅၂-၂၁၇၉၀၊ ပဲခူးအသင်း (ရန်ကုန်) ဖုန်း-၀၁-၃၇၈၃၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ အသင်းသူ၊ အသင်းသားများ၊ ပဲခူးမြို့သူ၊ မြို့သားများနှင့် အသင်း၏ မိတ်ဆွေ သင်္ဂဟများအား အလှူပွဲသို့ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် အမှတ်၂၆ (ပထမထပ်) ၄လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့နေ ဦးရဲမြင့်-ဒေါ်မြဝင်း၊ သား မောင်ရဲလွင်ကို၊ သမီး မဇင်မာဝင်း၊ မသူဇာဝင်းနှင့် မမိုးပွင့်ညိမ်း မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်တစ်သိန်းကို အမှုဆောင် ဒေါ်ကေသက်မော် (ဖုန်း-၂၂၀၂၄၅)က လက်ခံ၍ ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင်ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

အထက(၂)ကမာရွတ် အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၉

ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၅-၂၀၀၆ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းကျောင်းသူကျောင်းသားများ၏ အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၄ရက် (စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းရှိ တေဇခန်းမ၌ ကျင်းပမည်ဖြစ်ရာ အကန်တော့ခံ ဆရာ ဆရာမများနှင့် ကန်တော့မည့် ကျောင်းသားကျောင်းသူများအား ဖိတ်ကြားထားသည်။ အာစရိယပူဇော်ပွဲနှင့် ပတ်သက်၍ ဖုန်း-၀၁-၅၃၄၆၇၀၊ ၀၁- ၅၂၄၄၇၄၊၀၉-၅၁-၃၂၅၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ တံတားအမှတ်(၁/၁၉၉) ဆွာချောင်းတံတားပြုပြင်ခြင်းလုပ်ငန်းအတွက် တံတားခေတ္တပိတ်ထားမည်

နေပြည်တော် အောက်တိုဘာ ၉

ရန်ကုန်-မန္တလေး လမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ် ၁၉၈/၂ နှင့် ၁၉၈/၃ အကြားရှိ တံတားအမှတ် ၁/၁၉၉ ဆွာချောင်းတံတားကို ပြန်လည်ပြင်ဆင်သွားမည်ဖြစ်သဖြင့် **အောက်တိုဘာ ၁၀ ရက် (အင်္ဂါနေ့) နံနက် ၁ နာရီမှ ၆ နာရီအထိ၊ အောက်တိုဘာ ၁၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁ နာရီမှ ၆ နာရီအထိ** တံတားကို ခေတ္တပိတ်ထားမည်ဖြစ်သည်။

တံတား ပြင်ဆင်ဆောင်ရွက်နေစဉ်ကာလအတွင်း ဖြတ်သန်းခွင့်ပြုမည့်အချိန်များမှာ အောက်တိုဘာ ၉ ရက် (တနင်္လာနေ့) နံနက် ၉ နာရီမှ အောက်တိုဘာ ၁၀ ရက် (အင်္ဂါနေ့) နံနက် ၁ နာရီအထိလည်းကောင်း၊ အောက်တိုဘာ ၁၀ ရက် (အင်္ဂါနေ့)နံနက် ၆ နာရီမှ အောက်တိုဘာ ၁၁ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁ နာရီအထိလည်းကောင်း ကားငယ်များနှင့် ကုန်တင်ကား တန် ၄၀ အထိ ၁၀ ဘီးကားများသာ ဖြတ်သန်းခွင့်ပြုမည် ဖြစ်သည်။

အောက်တိုဘာ ၁၁ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၆ နာရီမှစတင်၍ ကားငယ်နှင့် ကုန်တင်ကားများ ပုံမှန်ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကြေညာထားသည်။

(သတင်းစဉ်)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

သီဟသုခမ္မသိဂီ ဒေါ်တင်မြိုင်၏ ၁၀-၁၀-၂၀၀၆ ရက်တွင် ကျရောက်သော အသက်(၇၀)ပြည့် မွေးနေ့မှသည် ကျန်းမာချမ်းသာစွာဖြင့် သာသနာ့အကျိုး နိုင်ငံ့အကျိုးများစွာကို ဆောင်ရွက်နိုင်ပြီး ချမ်းမြေ့မှုအပေါင်းနှင့် ပြည့်စုံ၍ အသက်ရာကျော်ရှည်စေကြောင်း ဆုမွန်ကောင်းတောင်းလျက် –

မောင်မောင်မြတ်–နန္ဒာဝင်း(ခေတ္တ–ဂျပန်)

သမီး ရှုမြတ်နန္ဒာမောင်

အမည်ပြောင်း

အဖဦးမောင်မောင်ချို၏သမီးဖြစ်သူ မပြည့်စုံအေး Grade-6 ထက်ခွဲ အလက(၂) ဗိုလ်တထောင်မြို့နယ်အား မပြိုးပြည့်စုံဟု ပြောင်းလဲခေါ်ပါရန်။

မပြိုးပြည့်စုံ။

☎ 249871
0999 -72025

ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၀၇)နှစ်ပြည့် မြတ်စွယ်တော် မြို့တွင်းသို့ လှည့်လည်အပူဇော်ခံပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို (၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်) ၂၈–၁၀–၂၀၀၆ရက်မှ (ယင်းလပြည့်ကျော် ၂ရက်) ၆–၁၁–၂၀၀၆ရက်အထိ (၁၀၇)နှစ်ပြည့် ခေတ္တရာ မြတ်စွယ်တော်အပူဇော်ခံပွဲနှင့် ယခုနှစ်တွင် သုံးနှစ်တစ်ကြိမ် မြို့တွင်းကြွချီအပူဇော်ခံပွဲများနှင့် ပူးတွဲကျင်းပသွားပါမည်။ ဆိုင်ထွက်လိုသူ လူဟောင်းများသည် ယမန်နှစ်ဖြတ်ပိုင်းနှင့် သတ်မှတ်သည့်ဆိုင်ခန်းခငွေကို သီတင်းကျွတ်လကွယ်နေ့ (၂၀–၁၀–၂၀၀၆ရက်) နောက်ဆုံးထား၍ ပေးဆောင်ရန်နှင့် လူသစ်များအား တန်ဆောင်မုန်းလဆန်း ၁ ရက် (၂၁–၁၀–၂၀၀၆ရက်)မှစ၍ ဆက်လက်ချထားပေးသွားပါမည်။

ဂေါပကအဖွဲ့၊

ရွှေဆံတော်စေတီတော်မြတ်ကြီး၊ ပြည်မြို့။

ရုပ် ခဲ့ ထိုင် ပွဲဝေပါ

သုတ္တာ

အာမခံ ခိန်၊ ရွှေ ရတနာဆိုင်

သုတ္တာရတနာကို လက်ကိုင်ထား၍ (DENSITY 17.8) ဖြင့် ... ပြည့်မြင်မြဲ ...

မှန်ကန်သော ရွှေအရည်အသွေး

အထူးချိုသာသော အလျော့တွက်

တိကျသော အလေးချိန် (DIGITAL ချိန်ခွက်)

... (တနင်္ဂနွေနေ့တိုင်း ဆိုင်ပိတ်ပါသည်။)

အမှတ် (၄၃၆) မဟာဗန္ဓုလလမ်း ၂၉-လမ်းထိပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ - ၃၇၄၇၆၆၊ ၀၉ - ၈၁ ၂၂၉၇၀

ကောင်းသန့်

ထူးငယ်ချင်း (၂)

သဲအောင်

ချစ်သူတမ်းချင်း

အမည်ပြောင်း

အဖဦးစောနောင်၏သား အထက (၁) ညောင်လေးပင်မြို့မှ မောင်ထွန်းထွန်းအောင်အား မောင်စောမြင့်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်စောမြင့်ထွန်း။

ရွှေလှေ အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၉

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရွှေလှေစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို(၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) နိုဝင်ဘာ၁၄ရက်(အင်္ဂါနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ ပူဇော်ပွဲတက်ရောက်နိုင်ပြီး ကုသိုလ်ယူ လှူဒါန်းနိုင်ကြောင်း သိရသည်။

ပူဇော်ပွဲ လှူဒါန်းလိုသူများသည် ဦးတင်ငွေ ဖုန်း–၃၈၄၄၂၉၊ ၃၈၁၆၅၈နှင့် ဦးဟုတ်ဝွမ်(နှင်းပုလဲ)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

NISSAN LAUREL ခခ/၁၂၅၇ မော်တော်ယာဉ်ငှားရမ်းသူ ဦးဝင်းထွဋ်အောင် ၁၂/ရကန(နိုင်)၀၆၃၈၁၃ နှင့် အခြားသက်ဆိုင်သူများသိစေရန် ကြေညာချက်

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ် ၄၀၃၊ ရန်ကင်းစင်တာ (YCDC)နေ ကျွန်ုပ်၏မိတ်ဆွေကြီး ဒေါ်ခင်အေးမူ နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၂/မဘန(နိုင်) ၀၀၂၇၉၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးဝင်းထွဋ်အောင် နိုင်ငံသားအမှတ် ၁၂/ရကန(နိုင်)၀၆၃၈၁၃ ကိုင်ဆောင်သူ အမှတ် ၁၉၅/၁၉၆၊ မဂ္ဂင်လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေသူသည် NISSAN LAUREL အမျိုးအစား မော်တော်ယာဉ်အမှတ် ခခ/၁၂၅၇အား ကျွန်ုပ်၏မိတ်ဆွေကြီးထံမှ ၂၂–၁၂–၂၀၀၃ရက်စွဲပါ မော်တော်ယာဉ်ငှားရမ်းခြင်းနှင့် ယုံကြည်စွာအပ်နှံထားခြင်း နှစ်ဦးသဘောတူ ကတိစာချုပ်ဖြင့် ငှားရမ်းရယူသွားခဲ့ပါသည်။

ထိုသို့ ငှားရမ်းပြီးနောက် ဦးဝင်းထွဋ်အောင်သည် ယနေ့တိုင်ငှားရမ်းခများကို ပေးသွင်းခြင်း မရှိခဲ့သည့်အပြင် အဆိုပါမော်တော်ယာဉ်ကိုလည်း ကျွန်ုပ်မိတ်ဆွေကြီးထံ ပြန်လည်အပ်နှံရန် ပျက်ကွက်ခဲ့ပါသည်။

ထို့ပြင် ဦးဝင်းထွဋ်အောင်သည် အဆိုပါ မော်တော်ယာဉ်နှင့် စပ်လျဉ်း၍ သက်သေများရှေ့မှောက်တွင် ပြုလုပ်ခဲ့သော ၁၆–၇–၂၀၀၅ရက်စွဲပါ ကတိဝန်ခံချက်ကိုလည်း ထပ်မံဖောက်ဖျက်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ယခုကြေညာချက်ပါရှိသည့်နေ့မှ ၁၄ရက်အတွင်း ကျွန်ုပ်၏ မိတ်ဆွေကြီး ဒေါ်ခင်အေးမူထံသို့ အဆိုပါ NISSAN LAUREL အမျိုးအစား ယာဉ်အမှတ် ခခ/၁၂၅၇ မော်တော်ယာဉ်အား မူလငှားရမ်းသူ ဦးဝင်းထွဋ်အောင် ကိုယ်တိုင်သော်လည်းကောင်း၊ အဆိုပါ မော်တော်ယာဉ်အား တစ်နည်းနည်း ရောင်းမှား ဝယ်မှားလက်ဝယ်ရှိသူ အခြားသက်ဆိုင်သူများ အနေဖြင့်သော်လည်းကောင်း အမြန်ဆုံးလာရောက် ရှင်းလင်းအပ်နှံစေလိုကြောင်း သိစေအပ်ပါသည်။

လိုက်နာရန်ပျက်ကွက်ပါက ကျွန်ုပ်မိတ်ဆွေကြီးအနေဖြင့် ဦးဝင်းထွဋ်အောင်အပေါ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ပါသောကြောင့် အခြားသက်ဆိုင်သူများအနေဖြင့် မိမိတို့ပျက်ကွက်မှုအပေါ် မိမိတို့ တာဝန်သာကျရောက်လိမ့်မည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်အေးမူ၏လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်နွယ်နီအောင် (LL.B)

တရားရုံးချုပ်ရှေ့နေ(စဉ်–၇၃၃၅)

အမှတ် ၁၀/၁၂ (ပ)ထပ်၊ ၃၅လမ်း(အောက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၀၉၈၀–၃၄၀၅၉။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

နေပြည်တော်

၁။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းသည် ရွှေသတ္တုတူးဖော် လုပ်ကိုင်လိုသူ နိုင်ငံသားပြည်တွင်းကုမ္ပဏီများနှင့်ပူးပေါင်းပြီး စစ်ကိုင်းတိုင်း ကောလင်းမြို့နယ်ရှိ ကျောက်ပုထိုးရွှေထုတ်လုပ်ရေး သတ္တုတွင်းအား ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) သတ္တုတွင်းအမည် – ကျောက်ပုထိုးရွှေထုတ်လုပ်ရေးသတ္တုတွင်း

(ခ) ဧရိယာအကျယ်အဝန်း – ၂ ဒသမ ၆၆ စတုရန်းကီလိုမီတာ

(ဂ) ပျမ်းမျှရွှေပါဝင်နှုန်း – ၃ ဂရမ်/တန်(3 ppm)

၂။ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်လိုသည့် နိုင်ငံသား ပြည်တွင်းကုမ္ပဏီများသည် အနည်းဆုံးအမေရိကန်ဒေါ်လာနှစ်သန်း ရင်းနှီးမြှုပ်နှံနိုင်ရမည်။ နိုင်ငံသားပြည်တွင်းကုမ္ပဏီများသည် မှတ်ပုံတင်ကြေး ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)နှင့် အဆိုပြုလွှာတစ်စုံလျှင် ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)ပေးသွင်းပြီး ပုံစံဖြည့်စွက်ရပါမည်။ ဈေးပြိုင်စနစ်ဖြင့် အဆိုပြုလျှောက်လွှာများကို ချိပ်ပိတ်လျက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း နေပြည်တော်(ရုံးချုပ်)သို့ ၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၀ရက်နေ့ ၁၈း၀၀နာရီတွင်နောက်ဆုံးထား၍ ပေးသွင်းရပါမည်။ တင်သွင်းသောအဆိုပြုလွှာများကို သတ္တုတွင်းဝန်ကြီးဌာနမှ ဖွဲ့စည်းပေးထားသောအဖွဲ့ဖြင့်စိစစ်ပြီး စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း၊ အများဆုံးဈေးနှုန်း ပေးသွင်းသူဖြစ်ခြင်းတို့အား ဦးစားပေးရွေးချယ်ပါမည်။

၃။ ချိပ်ပိတ်တင်ဒါစည်းကမ်းသတ်မှတ်ချက်များနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက အမှတ်(၂)သတ္တုတွင်းလုပ်ငန်း နေပြည်တော်(ရုံးချုပ်)၊ ဖုန်း–၀၆၇–၄၀၉၀၁၃၊ ၀၆၇–၄၀၉၃၈၇၊ ၀၆၇–၄၀၉၃၈၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး။

ကွန်ဒိုရောင်းရန်

စမ်းချောင်းမြို့နယ်၊ မြေနီကုန်း ဒဂုံစင်တာ၊ အဆောင်(ဘီ)၊ ခြောက်ထပ်၊ အိပ်ခန်းသုံးခန်း(အိပ်ခန်းနှစ်ခန်းတွင် ရေချိုးခန်း၊အိမ်သာတွဲလျက်)၊ 3FACE ပါဝါမီတာ၊ AC ငါးလုံး၊ Water Heater နှစ်လုံး၊ ဖုန်းပါ၊ အဆင့်မြင့်ပြင်ဆင်ပြီး။

ဆက်သွယ်ရန် ဖုန်း–၃၉၂၈၄၈၊ ၂၄၅၆၃၀။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ Office Staff ကျား(၃)ဦး၊မ(၃)ဦး

၂။ Computer(DTP) ကျွမ်းကျင် မ(၃)ဦး

– အသက်(၃၅)နှစ်ထက် မကြီးရ။

– ပညာအရည်အချင်း ကန့်သတ်ချက်မရှိ။

ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင် လျှောက်ထားနိုင်သည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူ ပါရှိရမည်။

Myanmar Cosmic International Co., Ltd.

အမှတ် ၂၉၊ ဘုရင့်နောင်လမ်းမကြီး၊

မရမ်းကုန်းမြို့နယ်။

ပင်လယ်ကူး သင်္ဘောသားအသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် အောက်တိုဘာ ၉

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း၏လစဉ် အသင်းသားများနှင့် ဧည့်သည်တော်များ မိတ်ဆုံဂေါက်သီးရိုက်ကစားပွဲကို အောက်တိုဘာ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီခွဲတွင် ဥက္ကလာပဂေါက်ကွင်း၌ကျင်းပမည်ဖြစ်ရာ ပါဝင်တက်ရောက်အားပေးလိုသူ အသင်းသားများနှင့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း ဒု–အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေး ဖုန်း–၃၇၅၈၂၀၊ ၃၈၁၅၉၈နှင့် ၃၉၂၀၇၆ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေသတချို့၌ရေကြီးရေလျှံမှုဖြစ်ပွား

နေပြည်တော် အောက်တိုဘာ ၉

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံ အနှံ့အပြား၌ အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်၊ ချောင်းများအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

ခေတ္တပိတ်ထား

ယင်းကဲ့သို့ အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်အတွင်း မီးရထားလမ်းပိုင်းများ ရေကျော်ခဲ့သဖြင့် သံလမ်းတချို့ပျက်စီးမှုဖြစ်ပွားကာ အောက်တိုဘာ ၈ရက်တွင် ကောလင်းနှင့်ကျွန်းလှအကြား ရထားလမ်းပိုင်းကို ခေတ္တပိတ်ထားခဲ့ကြောင်း သိရှိရသည်။

ပျက်စီးမှုဖြစ်ပွား

ထို့အပြင် စစ်ကိုင်းမြို့နယ်ရှိ ရေမျက်ကြီးအင်းအတွင်းသို့ ရေစီးဝင်မှု များပြားသဖြင့် ပဒူကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌ ရေကြီးမှုများဖြစ်ပွား၍ စာရေးနှင့်ပဒူအကြား မီးရထားလမ်းပိုင်းတချို့ ရေကျော်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

ယင်းဖြစ်စဉ်များကြောင့် ရေကျော်ပျက်စီးခဲ့သည့် မီးရထားလမ်းပိုင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက မျက်ခြည်မပြတ်စစ်ဆေးကြပ်မတ်ကာ အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်၍ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရေကြီးမှုဖြစ်ပွားခဲ့သည့် ကျေးရွာများမှ ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၂)တာမွေ အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၉

အထက(၂)တာမွေမှ အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်းတွင် နိုဝင်ဘာ ၁၄ရက်(အင်္ဂါနေ့) အမျိုးသားနေ့၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသူကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ထည့်ဝင်လိုသူများသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့် ဖုန်း–၅၄၂၃၁၇၊ ဦးလှသောင်းဦး ဖုန်း–၀၉–၅၀–၁၀၄၀၀၊ ဦးကိုကို ဖုန်း–၀၉–၅၁–၇၁၁၀၁၊ ဒေါ်နီနီစိုး ဖုန်း–၅၄၀၇၃၈၊ ဒေါ်တင်မြင့်ဝင်း ဖုန်း–၅၄၄၉၄၃နှင့် ကိုအာကာထွန်း ဖုန်း–၅၄၀၆၅၅တို့သို့ ဆက်သွယ်ကြရန်နှင့် ဆရာ၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနိူးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ဝန်ထမ်းများ လုပ်ငန်းခွင်အရည်အချင်း တိုးတက်မြင့်မားရေး မွမ်းမံသင်တန်းဆင်း၊ ဆုချီးမြှင့်ပွဲ မိတ္ထီလာ၌ကျင်းပ

မိတ္ထီလာ အောက်တိုဘာ ၅

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိတ္ထီလာခရိုင်၊ရမည်းသင်းခရိုင်နှင့် ပျဉ်းမနားခရိုင်တို့ စုပေါင်းဖွင့်လှစ်သည့်ဝန်ထမ်းများလုပ်ငန်းခွင် အရည်အချင်းတိုးတက်မြင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ်(၃/၂၀၀၆) သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၇ ရက် ညနေ ၃ နာရီက မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြား ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင် ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုချီးမြှင့်ပွဲကိုကျင်းပရာ မြို့မိမြို့ဖ ဦးသန်းဝင်းက ပထမဆုရ ပျဉ်းမနားခရိုင်ရုံးမှ ကသ(၅)ဒေါ်အေးအေးခိုင်အား ချီးမြှင့်ငွေကျပ်၁၀၀၀၀နှင့် မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ချီးမြှင့်သည့် ရေဒီယိုတစ်လုံး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူးကြည်အောင်က ဒုတိယဆုရ မလှိုင်မြို့နယ်မှ ကသ(၂၄)ဦးအောင်ဌေးအားချီးမြှင့်ငွေကျပ် ၇၅၀၀၊ မြို့နယ်သတင်းထောက် ဦးကျော်ကျော်မြင့်က တတိယဆုရ မိတ္ထီလာခရိုင်မှ ကသ(၆)ဒေါ်အေးအေးမူအား ချီးမြှင့် ငွေကျပ် ၅၀၀၀၊ မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား ကသ(၁)ဦးအောင်စည်မျိုးထံသို့လည်းကောင်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးဘထိန်က စာအုပ်မျိုးစုံအုပ်၂၀ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိထံသို့လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သင်တန်းသို့ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် ပျဉ်းမနားခရိုင်အတွင်းမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်း ၂၅ ဦးတက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရက်လုပ်လျက်ရှိသော မဟာမြတ်မုနိနီးဘုရားသို့ လုပ်အားဒါန၊ အလှူငွေများဖြင့် ကုသိုလ်ပြု

လားရှိုး အောက်တိုဘာ ၄

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (လားရှိုး)မှ စာတည်းဦးဇော်လွင်၊ ဇနီး ဒေါ်နီလာဝင်းနှင့် ဝန်ထမ်းများ အောက်တိုဘာ၁ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မန်ဆူ (ရှမ်းကျောင်း) ပရဝဏ်အတွင်း ရက်လုပ်လျက်ရှိသော မဟာမြတ်မုနိပုံတော်နီးဘုရားသို့ ရောက်ရှိ၍ လုပ်အားဒါနဖြင့်လည်းကောင်း၊ အလှူငွေထည့်ဝင်ခြင်းဖြင့်လည်းကောင်း ကောင်းမှုကုသိုလ်ပြုကြသည်။ **(အပေါ်ပုံ)** **(က-ပ)**

စက်တင်ဘာ၁၄ရက်က ဖာပွန်မြို့ အထကကျောင်း၏ ၂၀၀၅-၂၀၀၆ခုပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ပညာရေးအလှူငွေအတွက် အလှူရှင်များက လှူဒါန်းငွေကျပ် ၅၇၄၃၀၀ကို နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး တင်မောင်ဝင်းက လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

ပိုးမွှားရောဂါ ကာကွယ်ရေး ကြို့ပင်ကောက်၌ သရုပ်ပြ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းလမ်းရှင်းလင်း

ကြို့ပင်ကောက် စက်တင်ဘာ ၅

ကြို့ပင်ကောက်မြို့နယ် ဂုမ္ဘကွင်းအုပ်စု ကွင်းအမှတ် ၅၆၀ ဦးပိုင်အမှတ် ၂၆ က/၅ တောင်သူ ဦးသိန်းထွန်း၏ မိုးစပါးစိုက်ကေရှစ်ကေတွင် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး သရုပ်ပြပွဲကို စက်တင်ဘာ၂၃ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဒေါ်မာမာအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန့်ဇင်နှင့် အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်မန်နေဂျာ ဒေါ်မာမာအောင်က မိုးစပါးတွင် ကျရောက်တတ်သော ပိုးမွှားရောဂါများနှင့် စနစ်တကျကာကွယ် နှိမ်နင်းနည်းစနစ်၊ မိုးစပါး ပိုးမွှားရောဂါစစ်တမ်းကောက်ယူခြင်း နည်းစနစ်နှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးနည်းလမ်းများ ရှင်းလင်းပြောကြားပြီး ဇီဝစူပါရွက်ဖျန်းမြေဩဇာဖြင့် စုပေါင်း ပက်ဖျန်းကြသည်။ (၀၄၀)

ကူးစက်ရောဂါမဖြစ်ပွားရေး ဈေးဆိုင်ခန်းများ ကြည့်ရှုစစ်ဆေး

လှိုင်ကော် စက်တင်ဘာ ၃၀

လှိုင်ကော်မြို့ သီရိမင်္ဂလာဈေးတွင် ဈေးသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးနှင့် ဈေးဆိုင်ခန်းများစနစ်တကျတည်ခင်းရောင်းချမှုရှိရေး ဆောင်ရွက်နေမှုများကို စက်တင်ဘာ၅ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနီထွန်းက ရှင်းလင်းတင်ပြသည်။ **(နယ်စပ်/စည်ပင်)**

မီးဖိုချောင်သုံး စားသုံးသီးနှံစိုက်ပျိုး

ပုသိမ် စက်တင်ဘာ ၂၈

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် တဲကြီးကုန်းလမ်းဘေး သီးနှံစိုက်ခင်းတွင် မီးဖိုချောင်သုံး စားသုံးသီးနှံများ ဖြစ်ထွန်းအောင်မြင်လျက်ရှိရာ စက်တင်ဘာ၁၄ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးတင့်က ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဖြူးမြို့နယ် ကညွတ်ကွင်း စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စက်တင်ဘာ ၃၀ရက်က ကညွတ်ကွင်း မြို့ဝင်ဆိုင်းဘုတ်အနီး ပန်းအလှပင်စိုက်ပျိုးမှုကို ဖြူးမြို့နယ် အမှုဆောင်အရာရှိ ဦးဗန်ကျွမ်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
၁၁-၁၀-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၀း၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး အဆိုပြိုင်ပွဲဝင်များလေ့လာရန် (ခေတ်ဟောင်းနှင့် ကာလပေါ်တေးများ)**
  - **(၁) ဓမ္မစက်တော် (မြင့်မြင့်ရှိန်)**
  - **(၂) ဖိုးသာအောင် (မေသစ်)**
  - **(၃) ငါးဖြာအန္တ (တင်တင်မြ)**
- ၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုးအစီအစဉ် (မေခမွေးမြူရေး အစာစပ် စက်ရုံ)
- ၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (သီတင်းကျွတ်၏ အရိပ်အငွေ့များ) (ဒေါ်စောမုံညင်း)
- ၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (ကိုယ့်ဘာသာစကားကို ကိုယ်ထိန်းမှ) (ဦးတင်ဦး)
- ၁၂း၃၅ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပညာရှင်အဆင့် အဆိုပြိုင်ပွဲဝင်များလေ့လာရန် (မဟာဂီတသီချင်းကြီးများ)**
  - **(၁) ဝတိနန်း (သီချင်းခံ) (ဒေါ်ကြည်ကြည်ဝင်း)**
  - **(၂) တိမ်မှောင်ဝေကင်း လောကနတ် (မြင့်မြင့်ရှိန်)**

ညနေပိုင်း

- ၁၇း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) ဖော်မဲ့ချစ်ငှက်ငယ် (တက္ကသိုလ်လဲ့လဲ့)
  - (၂) ထာဝစဉ် မောင့်ချစ်သူ (ကိုမြသိန်း)
  - (၃) မေတ္တာရှင်တစ်ခက်ပန်း (ရီလေး)
- ၁၇း၃၀ အစာနှင့်အာဟာရ (ကြက်တက်ရွက်နှင့် ထားဝယ်မှိုင်း)
- ၁၇း၄၅ သူ့လက်သံ (ဖျာပုံအေးမြင့်၏ မယ်ဒလင်လက်သံ)
- ၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
  - (၁) ဘုရားကိုးဆူ ပူဇော်နည်း (ကျီးသဲလေးထပ်ဆရာတော်ကြီး)
  - (၂) ပတ္တမြားရတနာတက္ကသိုလ်ဝင်စာစီစာကုံးများ (ဦးဝမ်ထိန်)
- ၁၉း၁၅ သီချင်းကြီး တူရိယာအဖွဲ့ (စိုးအမွန် သီချင်းကြီးတူရိယာအဖွဲ့)
- ၂၀း၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး (The Sun တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ချစ်သူအလှဖွဲ့တေးစီးရီး)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ မော်လမြိုင်ကျွန်း၌ အဘိုးအဘွားများပူဇော်

မော်လမြိုင်ကျွန်း အောက်တိုဘာ ၄

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို အောက်တိုဘာ၁ရက် မွန်းလွဲ ၁ နာရီက မော်လမြိုင်ကျွန်းမြို့ မော်ရောခန်းမ၌ ကျင်းပသည်။

ပူဇော်ကန်တော့

ယင်းအဘိုးအဘွားများ ပူဇော်ကန်တော့ပွဲသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ယာယီဥက္ကဋ္ဌ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့်အသင်းဝင်များ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်အောင်နှင့် အမှုဆောင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက် ပူဇော်ကန်တော့ကြသည်။

အဆိုပါ ပူဇော်ကန်တော့ပွဲတွင် မော်လမြိုင်ကျွန်းမြို့ပေါ်ရပ်ကွက် ၁၃ ရပ်ကွက်နှင့် မြို့နယ် ဘိုးဘွားရိပ်သာရှိ အသက်၈၀မှ ၁၀၀အတွင်းရှိ သက်ကြီးအဘိုးအဘွား ၄၀တို့အား တစ်ဦးလျှင် ပူဇော်ကန်တော့ငွေ ကျပ်ငါးထောင်စီနှင့် အာဟာရကျွေးမွေးကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပြီး ဆေးဝါးများ လှူဒါန်းကြသည်။

(အောက်ပုံ)(၀၉၇)

မိုင်းဖြတ်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး၊ ဆုများချီးမြှင့်

မိုင်းဖြတ် အောက်တိုဘာ ၁

မိုင်းဖြတ်ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (၂၀၀၆) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို စက်တင်ဘာ၁၄ရက် နံနက်ပိုင်းက အဆိုပါအသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းနိုင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုင်းလုံးရဲန်၊ ခရိုင်အသင်း အတွင်းရေးမှူး ဦးထွန်းရွှေတို့က အမှာစကားပြောကြားကြပြီး ကျေးလက် စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားပြစက်နှစ်လုံးနှင့် အလှူငွေများ ပေးအပ် လှူဒါန်းကြသည်။

ဆက်လက်၍ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူများကိုလည်းကောင်း၊ ယဉ်ကျေးမှုသင်တန်းတွင် ထူးချွန်သူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တစ်နှစ်တာကာလ၏ လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို အခန်းကဏ္ဍအလိုက် တင်ပြဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)

ကော့သောင်းခရိုင်တရားရုံး

၂၀၀၆ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၃

ဒေါ်နုငယ် **နှင့်** ၁။ ဒေါ်ဆွေဆွေ
၂။ ဒေါက်တာအေးကျော်

တရားလို **တရားပြိုင်များ**

အမှတ် ၄၅၆၊ ရွှေမင်းဝံအဓိပတိလမ်း၊ ပိတောက်ရွှေဝါရပ်ကွက်၊ ကော့သောင်းမြို့နေ ဒေါ်ဆွေဆွေပါ နှစ်ဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တရားလို ဒေါ်နုငယ်က သင့်အပေါ်၌ ချေးငွေကြွေးကျန် ကျပ် ၂၈၀၀၀၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက် (၁၃၆၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီ အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သန်းထွန်း
ခရိုင်တရားသူကြီး
ကော့သောင်းခရိုင်တရားရုံး။

Saya Wallace B.Sc C.S.C (AUSTRALIA)
(SPOKEN ENGLISH WITH GRAMMAR)
1. PRACTICE
2. PRACTICE
OCTOBER / 2006
AIRCON

Yan Aung
385499, 095107178

ဒဂုံမြို့သစ်(တောင်ပိုင်း) ၅၃ ရပ်ကွက် အတွင်းရှိ ဓမ္မရက္ခိတ ဗဟိုရိပ်သာ ဓမ္မာရုံတွင် အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲနှင့် ဆွမ်းအောင်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက်က ကျင်းပရာ သာသနာ့အကျိုးဆောင်များနှင့်ဝတ်အသင်းသူ အသင်းသားများက အဘိဓမ္မာကျမ်းရွတ်ဖတ်ပူဇော်စဉ်။ (က–ပ)

ရွှေစည်းခုံစေတီ ရွှေသင်္ကန်းကပ်ရန် အလှူငွေပေးအပ်

ညောင်ဦး အောက်တိုဘာ ၁

ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲအတွက် မြိတ်မြို့ မြစ်ငယ်ရပ်ဖိုးသာအောင်ခြံလမ်းနေ ဦးမောင်ရှင်–ဒေါ်နွယ်နွယ်ဝင်းမိသားစုက ငွေကျပ်တစ်သိန်း၊ ကမာရွတ်မြို့နယ် ပြည်လမ်းနေ ဦးမောင်လွမ်း–ဒေါ်စမ်းကြူ၊ သမီးမသင်းသင်းလှိုင်၊ မဖြူဖြူသွယ်မိသားစုက ငွေကျပ်တစ်သိန်း၊လမ်းမတော်မြို့နယ် လမ်းသစ်လမ်းနေ ဦးတင်မြင့်–ဒေါ်နွယ်နွယ်ယု၊ သားမောင်ဝင်းကိုကိုမိသားစုက ငွေကျပ်တစ်သိန်း၊ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းနေဦးလွန်းဖေအားရည်စူး၍ ဒေါ်တင်ကြည်မိသားစုက ငွေကျပ်ငါးသောင်း၊ မြိတ်မြို့ မြစ်ငယ်ရပ်ဖိုးသာအောင်ခြံလမ်းနေ ဦးကာကျွန်းကို ရည်စူး၍ ဒေါ်ရှုံးလျှပ် မိသားစုက ငွေကျပ်ငါးသောင်းတို့ကို လှူဒါန်းရာ အလှူရှင်များကိုယ်စား ပုဂံဘုရားများပြုပြင်ရေးလုပ်ငန်း ဦးဝင်းငွေး(မြန်မာမှုဗိသုကာ)က ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီး အလှူခံဌာနသို့ လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေက လက်ခံယူသည်။ **(က–ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် အမှတ်၅၄၅ ဓမ္မာရုံလမ်း (၁၁)ရပ်ကွက် လှိုင်မြို့နယ်နေ ဒေါက်တာမောင်မောင်–ဒေါ်စိန်လှကြည်၊ သားကြီး ကျော်မင်းအောင်၊ သားငယ် ရန်နောင်စိုး၊ သမီး သရဖီခိုင်ဇာမိသားစုတို့က အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်အရှင်ဝီရိယ (နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဒေါ်ခင်ချိုဝင့် (အာဟာရကျွမ်းကျင်)၊ တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ကြည်ကြည်အေးနှင့်အဖွဲ့တို့ စက်တင်ဘာ ၁၈ရက်က စည်ပင်သာယာ မြို့မဈေးကြီးအတွင်း အိုင်အိုဒင်းဆားများ ရောင်းချမှုကို စစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အထက်မင်းလှမြို့၌ ပဋ္ဌာန်းတရားပွဲဖွင့်

အထက်မင်းလှ အောက်တိုဘာ ၁

မကွေးတိုင်း အထက်မင်းလှမြို့နယ် သံဃနာယကဆရာတော်များ၏ ဩဝါဒကိုခံယူလျက် အထက်မင်းလှမြို့ အမှတ်(၂) ရပ်ကွက် ရွှေဘုန်းသာစေတီတော်ရင်ပြင်၌ အသံမစဲ ပဋ္ဌာန်းတရားပွဲကို စက်တင်ဘာ ၇ ရက်က နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းဖုန်းအား အမှူးထားကာ အထက်မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်ဦးစီး၍ သံဃာတော် ၂၄ ပါးတို့ဖြင့် ပဋ္ဌာန်းတရားပွဲ ဖွင့်လှစ်ကြသည်။

ယင်းပဋ္ဌာန်းတရားပွဲသို့ သံဃနာယကဆရာတော်များ၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းဖုန်းနှင့် အဖွဲ့ဝင်များ၊ အထက်မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်ပေါင်းစုံရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဘုရားဂေါပကအဖွဲ့ဝင်များနှင့် ပဋ္ဌာန်းတရားနာသူများ တက်ရောက်ကြသည်။ **(၀၇၆)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကြူကုတ် (ပန်ဆိုင်း)၌ ဆင်းရှွေလီမိုးစပါး စံကွက်ရိတ်သိမ်း
ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကို အမျိုးသားရေးအဖြစ်ဆောင်ရွက်

မူဆယ် အောက်တိုဘာ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကြူကုတ်(ပန်ဆိုင်း)တွင် အထူးအထွက်တိုး ဆင်းရွှေလီ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ကြူကုတ်ဇုန် စံပြဧက ၅၀ မန်မိုင်ကျေးရွာစိုက်ကွင်း အတွင်းရှိ ကွင်းပိုင်အမှတ်(၅) တောင်သူကြီး ဦးရွှေပန်း၏လယ်မြေ၌ ကျင်းပသည်။

ရှေးဦးစွာ ကြူကုတ်ဇုန် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ခေါင်းဆောင်ဦးတင်ဦးက မိုးစပါးစိုက်ပျိုးမှုနှင့် အထွက်နှုန်းတိုးတက်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးလှကြီးနှင့် ပြည်နယ်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လှိုင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းက မိုးစပါးနှင့် အခြားသီးနှံများအတွက်နှုန်းကောင်းမွန်ရေး၊ ဆောင်းသီးနှံများ သတ်မှတ်လျာထားဧကပြည့်မီကျော်လွန်အောင်စိုက်ပျိုးရေး၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးကို အမျိုးသားရေး တာဝန်အဖြစ် ခံယူဆောင်ရွက်ရေးတို့ မှာကြားသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကကျေးရွာစိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး စံကွက်ရိတ်သိမ်းခြွေလှေ့နေမှုများကို လှည့်လည် ကြည့်ရှုအားပေးရာ စံကွက်ရိတ်သိမ်းမှုတွင် တစ်ဧကအထွက်နှုန်း ၂၃၇ ဒသမ ၀၆ တင်းထွက်ရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

စလင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပန်းခြံ အတွင်း ပန်း အ လှ ပင်များ ပြုပြင်ခြင်းနှင့် ပေါင်းမြက်များရှင်းလင်းခြင်းတို့ကို စက်တင်ဘာ ၂၃ ရက်က အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာ ခေတ္တအမှုဆောင်အရာရှိ ဦးသန်းဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံသို့တက်ရောက်ကြမည့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ညီလာခံကိုယ်စားလှယ်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား

ရန်ကုန် အောက်တိုဘာ ၉

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အတူ အမျိုးသားညီလာခံသို့ တက်ရောက်ကြမည့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများမှ အမျိုးသားညီလာခံကိုယ်စားလှယ်များအား ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌တွေ့ဆုံပြီး နွေးထွေးစွာ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ဒီမိုကရေစီကို မှန်မှန်ကန်ကန် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်ရေး အကောင်အထည်ဖော်နေ ညီလာခံကျင်းပနေမှု ထိခိုက်ပျက်ပြားစေရန် ဆန့်ကျင်ဘက်အုပ်စုများ ကြိုးပမ်းလုပ်ဆောင်နေပုံ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ပြည်ပသတင်းဌာနများကို ရှင်းလင်းပြောကြား

ရန်ကုန် အောက်တိုဘာ ၉

၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံသို့ တက်ရောက်သတင်းရယူရန် ရန်ကုန်မြို့၌ ရောက်ရှိနေကြသည့် ပြည်ပသတင်းဌာနများမှ သတင်းစာဆရာများအား အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်က ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ရုံး ဧည့်ခန်းမ၌ တွေ့ဆုံပြီး အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံသို့ တက်ရောက်ကြမည့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများမှ အမျိုးသားညီလာခံကိုယ်စားလှယ်များအားကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်၌ရရှိပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ယိုယွင်းပျက်စီးစေရန် အစီအစဉ်ရှိရှိလုပ်ဆောင် မြန်မာနိုင်ငံ၏အခြေအနေသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေသည်ဟူသော စွပ်စွဲချက်ကို လက်မခံ၊ ရှုတ်ချကန့်ကွက်

နေပြည်တော် အောက်တိုဘာ ၉

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ ဟောင်သရော အထူးဒေသငြိမ်းချမ်းရေးအဖွဲ့က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၄ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ ဟောင်သရော အထူးဒေသငြိမ်းချမ်းရေးအဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်

၁။ မြန်မာနိုင်ငံအရေးကိစ္စကို ဒေသတွင်းတည်ငြိမ်မှုအပေါ် ခြိမ်းခြောက်လျက်ရှိသည်ဟု စွပ်စွဲလျက် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ဆုံးဖြတ်ခဲ့သည်ကို သိရှိရပါသည်။

၂။ လက်တွေ့အားဖြင့်မူ မြန်မာနိုင်ငံသည် ယခင်က တစ်ကြိမ်မျှရရှိခဲ့ဖူးခြင်းမရှိသည့် ပြည်တွင်း တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုများရရှိနေပြီး နိုင်ငံတော်အစိုးရနှင့်အတူ ကျွန်ုပ်တို့ တိုင်းရင်းသားအဖွဲ့အစည်းများ လက်တွဲအကောင်အထည်ဖော်မှုကြောင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကိုလည်း ဒေသအသီးသီးမှ ရရှိခံစားလျက်ရှိနေပြီ ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

10-10 (20) 1 10/10/06, 1:08 AM